# မြဝတီ

နေ့စဉ်

ပြည်သူ့လက်ဝယ် အချိန်မီရောက်မည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၀)

၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

အိုသည့်တိုင်အောင် အကျင့်သီလရှိခြင်းသည် ချမ်းသာ၏။ ခိုင်မြဲသော သဒ္ဓါတရားရှိခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်းသာ၏။ မကောင်းမှုတို့ကို မပြုခြင်းသည် ချမ်းသာ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ်၊ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်း ဆရာတော် **စာမျက်နှာ ၁၆ ကော်လံ ၅** ☆



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။









**Sky Cable Car** ကိုဖွင့်လှစ်ပြီးဖြစ်တဲ့အတွက် **Sky Cable Car** စီးနင်းရင်း ပြင်ဦးလွင် ပန်းမြို့တော် ၏ သဘာဝပတ်ဝန်းကျင်အလှများကို ကြည့်ရှုခံစားနိုင်ပြီဖြစ်ပါသည်။

**ပွဲကောက်ရေတံခွန်**

**(BE.FALLS)**

**အပန်းဖြေစခန်း**

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၇ ရက်)

# သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဦးတည်ချက် (၉) ရပ်ချမှတ်ရာတွင် "တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး"ဟူသော စီးပွားရေးဦးတည်ချက်တစ်ရပ်လည်းပါဝင်သည်။ ထမင်းအသက်ခုနစ်ရက်ဆိုသည့်အတိုင်း စားရေရိက္ခာချို့တဲ့ပါကလူတို့အသက်ရှင်ရန်ခက်ခဲပေမည်။ စားရေရိက္ခာဖူလုံမှုရှိမှသာ မိမိတို့ရည်မှန်းချက်လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုလုပ်ကိုင်နေသည့်ကျေးလက်နေပြည်သူများမှာ နိုင်ငံ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်ရှိပေရာ လယ်ယာလုပ်ငန်းများကိုအောင်မြင်စွာလုပ်ဆောင်နိုင်ဖို့ လွန်စွာအရေးကြီးလှသည်။ စပါးအပါအဝင်သီးနှံများကိုစိုက်ပျိုးရာတွင် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဆိုသည့်နည်းလမ်းလေးရပ်ကို စနစ်တကျလက်တွေ့လိုက်နာဆောင်ရွက်ကြရမည်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်များသုံးစွဲခြင်း၊ မြေများကိုစနစ်တကျပြုပြင်ခြင်း၊ သတ်မှတ်သွင်းအားစုများ လုံလုံလောက်လောက်ထည့်သွင်းပေးခြင်း၊ စိုက်ပျိုးရေများကို စနစ်တကျသုံးစွဲခြင်း၊ စိုက်နည်းစနစ်များပြောင်းလဲစိုက်ပျိုးခြင်းနဲ့ ခေတ်မီနည်းစနစ်အသုံးပြုခြင်းတို့ကိုလိုက်နာလုပ်ဆောင်ကြရမည်ဖြစ်သည်။ တစ်နှစ်သုံးသီးစိုက်ပျိုးရေးနှင့်သီးထပ်သီးညှပ်တိုးချဲ့စိုက်ပျိုးရေးကိုဆောင်ရွက်ကြရမည်ဖြစ်သည်။

လယ်ယာလုပ်ငန်းသည် မိုးနှင့်အတူရှင်သန်ရသောလုပ်ငန်းဖြစ်သည်။ မိုးရွာမှပျိုးသာမည်ဆိုစကားနှင့်အညီ မိုးကိုလည်းမျှော်ရသည်။ ဝါတွင်းသုံးလကာလသည် လယ်ယာဦးကြီးတို့ထွန်ယက်စိုက်ပျိုးချိန်စပါးပင်တို့ရှင်သန်ချိန်ဖြစ်သည်။ ထွန်ယက်စိုက်ပျိုးခြင်းဟူသောစကားနှင့်အညီ လယ်ထွန်ခြင်း၊ ကောက်စိုက်ခြင်း၊ ပျိုးနုတ်ခြင်းလုပ်ငန်းများသည် လယ်လုပ်ငန်းတွင်အရေးပါသည်။ တောင်သူလယ်သမားတို့၏လယ်ယာစီးပွားလုပ်ငန်းများအောင်မြင်မှသာ ၎င်းတို့၏လူမှုစီးပွားဘဝများလည်းတိုးတက်လာမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ စိုက်ဧကများတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေးကိုဦးစားပေးဆောင်ရွက်ရမည်ဖြစ်သည်။ ရှိပြီးသားမြေအရင်းအမြစ်များပေါ်တွင် သီးထပ်သီးညှပ်များစိုက်ပျိုးနိုင်မည်ဆိုပါက ယခုထက်ပို၍ အထွက်နှုန်းပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်သည်။ ကျေးလက်ဒေသတိုင်းတွင် စိုက်ပျိုးရေးထွက်ကုန်များတိုးတက်အောင်ဆောင်ရွက်နိုင်မှ ဒေသတွင်းစီးပွားရေးလုပ်ငန်းများပိုမိုဖွံ့ဖြိုးတိုးတက်ကာ အလုပ်အကိုင်အခွင့်အလမ်းများပေါ်များလာပေမည်။ စိုက်ပျိုးမွေးမြူရေးအတွက်လိုအပ်သောလူသားအရင်းအမြစ်များအပြည့်အဝရရှိရေးအတွက် စိုက်ပျိုးမွေးမြူရေးနှင့်စက်မှုသင်တန်းကျောင်းများကို ခရိုင်အလိုက်ဖွင့်လှစ်ပေးပြီးဖြစ်သည်။

စိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရှင်များပေါ်များလာပါက မြန်မာနိုင်ငံ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပိုမိုတိုးတက်လာမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းအတွက် လိုအပ်သည့်မျိုးကောင်းမျိုးသန့်ရရှိရေးကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိရာ သမားရိုးကျလုပ်ဆောင်မှုများမှဖောက်ထွက်ကာ ပိုမိုကောင်းမွန်အောင် တီထွင်ကြံဆလုပ်ဆောင်ကြရမည်ဖြစ်သည်။

တောင်သူလယ်သမားများအနေဖြင့် မိုးစပါးစိုက်ပျိုးနေသည့်ကာလအတွင်း စိုက်ပျိုးနည်းစနစ်မှန်ကန်စွာစိုက်ပျိုးဆောင်ရွက်နိုင်မှ အထွက်နှုန်းကောင်းပေမည်။ စိုက်ပျိုးနည်းစနစ်များစွာရှိသည့်အနက် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးခြင်းမှာ အချိန်ကုန်သက်သာခြင်း၊ အလုပ်သမားရှားပါးမှုကိုဖြေရှင်းနိုင်ခြင်း စသည့်ကောင်းကျိုးများဖြစ်စေသည်။ လယ်ယာကဏ္ဍတွင် လက်မှုလယ်ယာမှစက်မှုလယ်ယာသို့ပြောင်းလဲလျက်ရှိရာ စတင်စိုက်ပျိုးသည်မှရိတ်သိမ်းခြွေလှေ့သိုလှောင်ချိန်အထိ စက်ကိရိယာများသုံးစွဲဆောင်ရွက်ရန် လိုအပ်လာပြီဖြစ်သည်။ လုပ်ငန်းများဆောင်ရွက်ရာတွင် စနစ်တကျလယ်ယာမြေဖော်ထုတ်ခြင်း၊ ရေသွင်းမြောင်း၊ ရေထုတ်မြောင်း၊ ကုန်ထုတ်လမ်းများကို စနစ်တကျဖောက်လုပ်ခြင်းတို့လိုအပ်သည်။ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရန်အတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆန်လျှော်)ထည့်သွင်းခြင်း၊ EM ဘိုကာရှိပြုလုပ်သုံးစွဲခြင်း၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန် သဘာဝပိုးသတ်ဆေး(တမာပိုးသတ်ဆေး၊ ငရုတ်သီးပိုးသတ်ဆေး)များသုံးခြင်းများ ဆောင်ရွက်ရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် တောင်သူလယ်သမားများ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအဆင်ပြေချောမွေ့စေရေးအတွက် မိုးရာသီစိုက်ပျိုးရေးချေးငွေများထုတ်ချေးခြင်း၊ သဘာဝမြေသြဇာများထောက်ပံ့ပေးခြင်းများဆောင်ရွက်ပေးလျက်ရှိပါသည်။ တောင်သူလယ်သမားများအနေဖြင့် ဖြစ်ပေါ်ပြောင်းလဲနေသောရာသီဥတုနှင့်လိုက်လျောညီထွေစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တိုင်းပြည်သာယာဝပြောရေးနှင့်စားရေရိက္ခာဖူလုံရေးအတွက် သက်ဆိုင်သူအားလုံးက ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန်

**နေပြည်တော်  ဇူလိုင်  ၁၆**

၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၉ ရက်(သောကြာနေ့) (၇၇)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့်မော်တော်ယာဉ်များခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် လက်အောက်ဌာန/ရုံးအဆင့်ဆင့်သို့ ဆက်လက်အသိပေးညွှန်ကြားရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အစိုးရရုံးဌာနအဖွဲ့အစည်းအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

မအူပင်၊ လူမှုရေး

# အခြေခံမော်တော်ဆိုင်ကယ်ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်လှစ်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် ရေလဲကလေးကျေးရွာအုပ်စု ရေလဲကလေးကျေးရွာ၌ အခြေခံမော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းတွင် ရေလဲကလေးကျေးရွာအုပ်စုရှိ အခြေခံပညာအထက်တန်းကျောင်းခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်နိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာဦးက စီမံကိန်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေလဲကလေးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးအောင်မြတ်ကိုက မိမိတို့ကျေးရွာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးပွားရေး စီမံကိန်းတွင်ပါရှိသည့်လူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးနိုင်ရေးဆောင်ရွက်ပေးသည့်အတွက် တာဝန်ရှိသူများအား ကျေးဇူးအထူးတင်ပါကြောင်းပြောကြားသည်။ ထို့နောက် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူးနှင့်တာဝန်ရှိသူများက သင်တန်းတွင် လက်တွေ့သင်ကြားပြသမည့်စက်ပစ္စည်းများနှင့် သင်တန်းသားများကို ကြည့်ရှုအားပေးသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၁၀ ဦးတက်ရောက်ပြီး သင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ စာတွေ့လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ ထို့ပြင် သင်တန်းတွင် ထူးချွန်သည့်သင်တန်းသားများကိုရွေးချယ်၍ ဩဂုတ်လ ၂၁ ရက်မှ စက်တင်ဘာလ ၄ ရက်အထိ မွမ်းမံသင်တန်းဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်မြတ်(ပြန်/ဆက်)**


## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၁၇-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

**မြဝတီရုပ်မြင်သံကြား**

- ၁။ ၆း၀၂ နိုင်ငံတော်သီချင်း
- ၂။ ၇း၂၁ ဓမ္မပူဇာတေး
- ၃။ ၇း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၄။ ၇း၄၅ မြန်မာ့ရှုခင်း
- ၅။ ၉း၂၅ ရွှေဟောင်းသုတ
- ၆။ ၁၀း၄၀ စိုက်ပျိုးသုတ
- ၇။ ၁၁း၂၅ သီချင်းလက်ဆောင်
- ၈။ ၁၂း၀၀ ခရီးလည်းသွားစကားလည်းဆို
- ၉။ ၁၃း၁၀ အမှတ်တရနေ့ရက်များ
- ၁၀။ ၁၆း၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
- ၁၁။ ၁၉း၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း မဖွံ့မအလင်း အပိုင်း(၃)**

**MWD Variety Channel**

- ၁။ ၁၀း၁၇ မှတ်သားလေ့လာအိမ်တွင်းမှုပညာ
- ၂။ ၁၁း၃၇ ရောင်စုံပျံ့သင်းစာပန်းခင်း
- ၃။ ၁၂း၂၅ ဖွံ့ဖြိုးဝေစည်တို့နေပြည်
- ၄။ ၁၄း၁၇ တစ်ပတ်အတွင်းထိပ်တန်းရောက်ကမ္ဘာ့သတင်းသုံးသပ်ချက်
- ၅။ ၁၆း၁၉ သိလိုသမျှ ကျန်းမာရေးကဏ္ဍ
- ၆။ ၂၁း၂၀ မှတ်တမ်းအစီအစဉ်



မြဝတီ နေ့စဉ်
The Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်) အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၇၃၉၉၈၊ ဖက်စ် ၀၆၇-၇၃၉၉၉/၀၆၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၇၄၀၀၆၊ ၀၆၇-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

နေပြည်တော် ဇူလိုင် ၁၆

# ၁၃၈၆ (၂၀၂၄) ခုနှစ်၊ (၃၁)ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲအောင်စာရင်းထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနက ၂၀၂၄ ခုနှစ်၊ (၃၁) ကြိမ်မြောက် အစိုးရနိကာယ်စာမေးပွဲကြီးကို တစ်ပြည်လုံးရှိ ခွင့်ပြုစာဖြေဌာန ၇၄ ဌာနတို့၌ ဇွန်လ ၇ ရက်မှ ၁၁ ရက်အထိ ၅ ရက် တိုင်တိုင်ကျင်းပခဲ့သည်။

ယင်းစာမေးပွဲတွင် ဝင်ရောက်ဖြေဆိုရန် စာရင်းသွင်းထားသည့် ပုဂ္ဂိုလ်ဦးရေ(၁၇၄၄၂)ပါးရှိပြီး ဖြေဆိုသည့်ပုဂ္ဂိုလ်ဦးရေမှာ(၁၂၉၈၄) ပါးဖြစ်၍ ကျမ်းစဉ်အလိုက် အောင်မြင်သူဦးရေစုစုပေါင်းမှာ(၇၁၉၂) ပါးဖြစ်ရာ (၅၅ ဒသမ ၃၉)ရာခိုင်နှုန်းအောင်မြင်ကြသည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋ္ဋက)ဝိနည်းငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၁၄၇၄)ပါး၊ လေးကျမ်းအောင်(၁၀၀၃) ပါး၊ သုံးကျမ်းအောင်(၉၄၄)ပါး၊ နှစ်ကျမ်းအောင် (၇၇၀)ပါး၊ တစ်ကျမ်းအောင် (၁၂၃၀)ပါးတို့ဖြစ်ပါသည်။ ဝိနည်းငါးကျမ်းအောင်(၁၄၇၄ )ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင် ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် မော်/၂၀၄၊ ရှင်ဆန္ဒကိတ္တိ၊ အသက်(၁၆)နှစ်၊ အဘ ဦးဇော်ဦး၊ ပင်စိမ်းပင်ရွာ၊ ပင်းတယမြို့နယ်၊ ဖားအောက်တောရစာသင်တိုက်၊ ထောက်ကြန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၇၆၊ ရှင်ဝိစာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးထွန်း၊ အုန်းချောရွာ၊ ပုသိမ်ကြီးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စိန်/၁၄၆၊ ရှင်ပညာဒီပါလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးအကွေ၊ သာမညရွာ၊ ဘားအံမြို့နယ်၊ ရတနာပန်းကုံးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

(ဃ) သီလရှင် **ပထမ** ခုံအမှတ် မရ/၁၄၅၊ မစန္ဒာသိရီ အသက်(၃၄) နှစ်၊ အဘ ဦးသန်းမောင်၊ အင်တောရွာ၊ ရေနံချောင်းမြို့နယ်၊ ရွှေမြိုင်သီရိသီလရှင်စာသင်တိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဋက)သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၆၅)ပါး၊ နှစ်ကျမ်းအောင်(၁၅၅)ပါး၊ တစ်ကျမ်းအောင်(၁၁၂)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင် (၂၆၅)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် ပူရ/၁၇၊ အရှင်ဝိစက္ခဏ၊ အသက်(၃၀)နှစ်၊ အဘ ဦးစိန်ငွေ၊ မြောက်ရွာ၊ မြင်းခြံမြို့နယ်၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် မဟမ/၁၊ အရှင်ဝါယာမိန္ဒာလင်္ကာရာဘိဝံသ၊ အသက်(၃၁)နှစ်၊ အဘ ဦးမြငွေ၊ ဆယ်ရွာ၊ သုံးခွမြို့၊ ဓမ္မဒါယာဒကျောင်းတိုက်၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် ဒဂရ/၂၊ အရှင်နန္ဒိသေနာလင်္ကာရ၊ အသက်(၂၉)နှစ်၊ အဘ ဦးထွန်းအေး၊ ရှားပြားရွာ၊ ပင်းတယမြို့နယ်၊ တိပိဋကမဟာဂန္ဓဝင်နိကာယ်ကျောင်းတိုက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၃) မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄၉)ပါး၊ နှစ်ကျမ်းအောင်(၈၇)ပါး၊ တစ်ကျမ်းအောင်(၅၆)ပါးတို့ဖြစ်သည်။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၃၉)ပါး၊ နှစ်ကျမ်းအောင်(၂၀)ပါး၊ တစ်ကျမ်းအောင်(၁၁)ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၂၇၉)ပါး၊ နှစ်ကျမ်းအောင်(၁၉၀)ပါး၊ တစ်ကျမ်းအောင်(၁၆၀)ပါးတို့ဖြစ်ပါသည်။ သုံးကျမ်းအောင်(၂၇၉)ပါး တို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် စက/၂၃၊ အရှင်ဝေသာရဇ္ဇာလင်္ကာရ၊ အသက်(၂၁) နှစ်၊ အဘ ဦးမင်းဆောင်၊ ကွမ်းတောရွာ၊ မြိုင်မြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၁၇၊ အရှင်ကောလိယာလင်္ကာရ၊ အသက်(၂၀)နှစ်၊ အဘ ဦးစံညွန့်၊ တိန်းပန်ရွာ၊ လားရှိုးမြို့နယ်၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၂၄၊ အရှင်ပါမောဇ္ဇ၊ အသက်(၂၁)နှစ်၊ အဘ ဦးခင်မောင်စိုး၊ ထန်းတပင်ရွာ၊ ဒက္ခိဏသီရိမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၆) ခုဒ္ဒကနိကာယ(၁)(သုတ္တန္တပိဋ္ဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် (၂)ပါး၊ လေးကျမ်းအောင်(၃)ပါး၊ သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင်(၅)ပါး၊ တစ်ကျမ်းအောင်(၆)ပါးတို့ဖြစ်သည်။

အုပ်စု(၇) ခုဒ္ဒကနိကာယ(၂)(သုတ္တန္တပိဋ္ဋက)ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင်(၂)ပါး၊ လေးကျမ်းအောင်(-)ပါး၊ သုံးကျမ်းအောင် (၁)ပါး၊ နှစ်ကျမ်းအောင်(၂)ပါး၊ တစ်ကျမ်းအောင်(၁)ပါးတို့ဖြစ်ပါသည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)(ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၁၄၇)ပါး၊ တစ်ကျမ်းအောင်(၁၂၂) ပါးတို့ဖြစ်ပါသည်။ နှစ်ကျမ်းအောင် (၁၄၇)ပါးတို့တွင် ပထမ၊ ဒုတိယ၊ တတိယရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခုံအမှတ် မဟမ/၂၊ အရှင်နန္ဒောဘာသာလင်္ကာရ၊ အသက်(၂၆)နှစ်၊ အဘ ဦးသန်းဝင်း၊ နတ်ရေကန်ရွာ၊ ချောင်းဦးမြို့နယ်၊ ဓမ္မဝေဒဂူကျောင်း၊ မစိုးရိမ်တိုက်သစ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ **(ပထမ)**

(ခ) ခုံအမှတ် စိန်/၂၊ အရှင်ကေတုမာလာလင်္ကာရ၊ အသက်(၂၃) နှစ်၊ အဘ ဦးသန်းစိုးနိုင်၊ တောင်တွင်းကြီးမြို့၊ ရွာမပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ **(ဒုတိယ)**

(ဂ) ခုံအမှတ် စက/၅၊ ရှင်ပညာစက္ကာလင်္ကာရ၊ အသက်(၂၁)နှစ်၊ အဘ ဦးလှကျော်၊ တပ်ပေါင်းရွာ၊ ဆိပ်ဖြူမြို့နယ်၊ မြစကြာကျောင်းတိုက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ **(တတိယ)**

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)(ဒုတိယပိုင်း)လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင်(၆)ပါး၊ သုံးကျမ်းအောင်(၂) ပါး၊ နှစ်ကျမ်းအောင်(၆)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၁) ခုဒ္ဒကနိကာယ(ဝိနယပိဋ္ဋက)ဝိနည်းအဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၂)ပါး၊ နှစ်ကျမ်းအောင်(၈)ပါး၊ တစ်ကျမ်းအောင်(၁၀)ပါးတို့ဖြစ်ပါသည်။

အုပ်စု(၂) ဒီဃနိကာယ(သုတ္တန္တပိဋ္ဋက) ဒီဃနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၄)ပါး၊ နှစ်ကျမ်းအောင်(၅)ပါး၊ တစ်ကျမ်းအောင်(၃)ပါးတို့ဖြစ်သည်။

အုပ်စု(၃)မဇ္ဈိမနိကာယ(သုတ္တန္တပိဋ္ဋက) မဇ္ဈိမနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူမရှိ။

အုပ်စု(၄) သံယုတ္တနိကာယ(သုတ္တန္တပိဋ္ဋက) သံယုတ္တနိကာယ်အဋ္ဌကထာ (မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် (၁) ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၅) အင်္ဂုတ္တရနိကာယ(သုတ္တန္တပိဋ္ဋက)အင်္ဂုတ္တိုရ်အဋ္ဌကထာ(မဟာဝိဒူတန်း) သုံးကျမ်းဖြေဆိုကြသောပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင်(၃)ပါး၊ နှစ်ကျမ်းအောင်(-)ပါး၊ တစ်ကျမ်းအောင် (၁)ပါးတို့ဖြစ်သည်။

အုပ်စု(၈) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင်(၂)ပါး၊ တစ်ကျမ်း အောင်(-)ပါးတို့ဖြစ်သည်။

အုပ်စု(၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋ္ဋက)အဋ္ဌကထာ(မဟာဝိဒူတန်း) ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် အောင်မြင်သူ(၃)ပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)၊ (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင် စာရင်းကို ဝိဒူတန်းအုပ်စု(၉)အုပ်စုနှင့် မဟာဝိဒူတန်းအုပ်စု(၇)အုပ်စု တို့တွင် ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း (၇၁၉၂)ပါးဖြစ်သည်။

၁၃၈၆ ခုနှစ်(၂၀၂၄ ခုနှစ်)၊ (၃၁)ကြိမ်မြောက် နိကာယ်စာမေးပွဲအောင် စာရင်းအပြည့်အစုံကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www.mahana.org.mm၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန Website www.mora.gov.mm နှင့် သာသနာရေးဦးစီးဌာန Website www.dra.gov. mm တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၆

# တိုက်ကြီးမြို့နယ်၊ ပိတောက်တန်းကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့်ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ တာခွကျေးရွာအုပ်စု၊ ပိတောက်တန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က ပိတောက်တန်းကျေးရွာရှိ ရွှေပင်ဝင်းတောရကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၁၁ ပါး၊ သီလရှင် ၁၅ ပါးနှင့် ဒေသခံပြည်သူ ၁၆၇ ဦးတို့အား နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့်ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ဆောင်ရွက်နေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**



**ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံဆေးကုသရေးအဖွဲ့က တိုက်ကြီးမြို့နယ်အတွင်းရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

၁၇-၇-၂၀၂၄

## နေရာကွက်၍ မိုးကြီးနိုင်

မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်အရှေ့ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ **(မိုး/ဇလ)**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

**ယမန်နေ့မှအဆက်**

နှစ်စဉ် ပြန်လည်ပြည့်ဖြိုးနေသောရေကို တစ်နှစ်စော၍ အသုံးချနိုင်လျှင် တစ်နှစ်စော၍ အကျိုးရှိပါလိမ့်မည်။ နောက်ကျသွားသည့်အချိန်သည် အစားပြန်မရနိုင်တော့ပါ။ အားလုံးတွင် အချိန်သည် တန်ဖိုးအရှိဆုံးဖြစ်သည်။

မိမိတို့သုံးသည်ဖြစ်စေ၊ မသုံးသည်ဖြစ်စေ မြစ်ချောင်းများကတော့ နှစ်စဉ် သူ့တာဝန်ကိုသူကျေအောင် ထမ်းနေပါလိမ့်မည်။ ကိုယ်မသုံးလျှင် ကိုယ့်ကိုလက်ပြနှုတ်ဆက်ပြီး ပင်လယ်ထဲသို့ ဆက်လက်ထွက်ခွာပါလိမ့်မည်။ ကိုယ်သုံးပါက ကိုယ့်ကိုကျေးဇူးပြုပါလိမ့်မည်။

သဘာဝကြီးက လူသားများအတွက် "လိုတရ" ဆေးတော်ကြီးကို လက်ဆောင်ပေးထားပြီးဖြစ်သည်။ မိမိတို့နိုင်ငံကို မျက်နှာလိုက်၍ ပိုပိုမိုမို ပေးထားသည်။ မသုံးတတ်၍ မတိုးတက်ခြင်း၊ ဘေးအန္တရာယ်ကြုံခြင်းများအတွက် သဘာဝကြီးကို အပြစ်ပုံချနေလျှင် သင့်လျော်ပါမည်လား။

သို့သော် သဘာဝကြီးလည်း ဤရာစုနှစ်တွင် ကျန်းမာရေးဖောက်ပြန်လာနေသည်။ သဘာဝကြီးကို ပြန်၍ဆေးဝါးကုသပေးရန်လည်း လိုသည်။ သူပေးသမျှ ကိုယ်ကယူပြီး သူ့ကိုပြန်ပြီးမစောင့်ရှောက်လျှင်လည်း သူ့ကျန်းမာရေးအရ မိမိတို့ကို အပြည့်အဝကူညီနိုင်မည်မဟုတ်ပေ။

သဘာဝကြီး၏ကျန်းမာရေးကို စောင့်ရှောက်ကြရန်မှာ လူသားတိုင်းတွင် တာဝန်ရှိနေသည်။ ဝေဒနာများစွဲကပ်လာနေသော သဘာဝကြီးကို မိမိတို့ ပြုစုကုသပေးနိုင်ပါမှ မိမိတို့ကမ္ဘာကြီးလည်း သက်တမ်းရှည်ပါလိမ့်မည်။

မကျန်းမမာဖြစ်လာနေသော သဘာဝကြီးကို စောင့်ရှောက်ရန်မှာ သူ့အကြောင်းကို နားလည်ရန်လိုသည်။ သူခံစားနေရသော ရောဂါ၏ ဇာစ်မြစ်ကို နားလည်ရန်လိုသည်။ နားလည်မှလည်း မည်သည့်ဆေးဖြင့် ကုသလျှင် ပျောက်မည်ကို ဆုံးဖြတ်နိုင်မည်။

နောက်ပိုင်းအခန်းများတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့် ရေချိုရရှိရေး ဆက်စပ်မှုကို ထပ်မံဖော်ပြပါမည်။

**အခန်း(၂၁)**

**စစ်တောင်းမြစ်ဖျားမှ ပေါင်းလောင်းမြစ်ကိုအသုံးချခြင်း**

မြန်မာနိုင်ငံတွင် အထင်ကရမြစ်ကြီး လေးစင်းရှိသည်။ ဧရာဝတီ၊ သံလွင်၊ ချင်းတွင်း၊ စစ်တောင်းတို့ဖြစ်သည်။ ဤမြစ်များထဲမှ စစ်တောင်းမြစ်ဝှမ်း ရေအရင်းအမြစ်အကြောင်း လေ့လာကြည့်ပါမည်။

ပဲခူးရိုးမမြောက်ဖျားသည် အမြင့်ပေ ၁၂၅၀ မှ ၁၆၅၀ ခန့်နှင့် အလယ်ပိုင်းတွင် ပေ ၂၅၀၀ ခန့်မြင့်သော တောင်တန်းများဖြစ်လာသည်။ တောင်ပိုင်းသို့ရောက်လေ နိမ့်ဆင်းသွားလေဖြစ်ပြီး တိုက်ကြီး၊ ပဲခူးမြို့များ လွန်သော် မြေပြန့်ကဲ့သို့ ပြောင်းလဲသွားသည်။ ဤပဲခူးရိုးမကြီး၏ အရှေ့ဘက်ခြမ်းမှ မြစ်ဖျားခံခဲ့သော မြစ်လက်တက်များနှင့် ရှမ်းကုန်းပြင်မြင့်တောင်ခြမ်းမှ စီးဆင်းလာသော မြစ်လက်တက်များသည် စစ်တောင်းမြစ်အဖြစ် ပေါင်းစည်းသွားသည်။ ပဲခူးမြစ်သည် သီးခြားမြစ်အဖြစ် စီးဆင်းသည်။

အရှေ့ဘက်ခြမ်းတွင် ရှမ်းကုန်းပြင်မြင့်မှ စတင်မြစ်ဖျားခံလာသော ပေါင်းလောင်းမြစ်နှင့် အနောက်ဘက်မှ မြစ်ဖျားခံလာသော ဆင်သေချောင်း၊ ငလိုက်ချောင်း၊ ယုံးဘင်ချောင်းတို့သည် စစ်တောင်းမြစ်၏အစ ရေအရင်းအမြစ်များဖြစ်သည်။

စစ်တောင်းမြစ်ဝှမ်း ရေအရင်းအမြစ်အားလုံးကို အသုံးချ၍ နိုင်ငံ၏ စီးပွားရေးကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း ၁၉၅၃ ခုနှစ်တွင် အမေရိကန်အတိုင်ပင်ခံ ကုမ္ပဏီတစ်ခုဖြစ်သော Knappen- Tippetts- Abbett အဖွဲ့က " Economic and Engineering Survey of Burma" ဟူသော အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။

ဆက်လက်၍ ၁၉၆၄ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (United Nations Development Programme-UNDP) ကလည်း "စစ်တောင်းမြစ်ဝှမ်း ရေအရင်းအမြစ်ဖွံ့ဖြိုးမှုစီမံကိန်း"(Sittaung Valley Water Resources Development)ဟူသောခေါင်းစဉ်ဖြင့် အစီရင်ခံစာတစ်စောင်တင်သွင်းခဲ့ပြန်သည်။ အဆိုပါအစီရင်ခံစာတွင်လည်း ပေါင်းလောင်းမြစ်ပေါ်တွင် ဘက်စုံအသုံးချနိုင်သည့် ရေအသုံးချမှုအစီအစဉ်များဆောင်ရွက်ရန် ပြည့်ပြည့်စုံစုံဖော်ပြထားသည်။

၁၉၇၅ ခုနှစ်တွင် အဆိုပါအစီရင်ခံစာများအပေါ် အခြေခံ၍ မိမိတို့နိုင်ငံနှင့် UNDP တို့သည် ဤမြစ်ပေါ်တွင် ဘက်စုံသုံးရေအသုံးချမှု စီမံကိန်းများ ဖြစ်ထွန်းလာစေရေး ကျွမ်းကျင်မှုအထောက်အပံ့ပေးရေး သဘောတူညီမှုတစ်ခုရရှိခဲ့သည်။

ဤအစီအစဉ်ကို ကမ္ဘာ့ဘဏ်အုပ်စုမှ International Bank for Reconstruction and Development (IBRD) ဆိုသည့် ငွေကြေးထောက်ပံ့မှုဆိုင်ရာအဖွဲ့က ကူညီမည်ဖြစ်သည်။ ၁၉၇၃ ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် "Programme of Pre-investment and Investment Assistance" ဟူသော ခေါင်းစဉ်ဖြင့် ဆိုင်ရာ သုံးဖွဲ့တို့ သဘောတူလက်မှတ်ရေးထိုးခဲ့ကြသည်။

ဤအစီအစဉ်အရ ၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် ဂျပန်နိုင်ငံမှ New Japan Engineering Consultants Inc. (NEWJEC) အဖွဲ့အား မြန်မာနိုင်ငံအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုဖွံ့ဖြိုးရေး ၁၅ နှစ်စာ စီမံချက်ရေးဆွဲရန် တာဝန်ပေးခဲ့သည်။ စီမံကိန်းအမည်အပြည့်အစုံမှာ "Burma Umbrella Project Power Development Survey"ဟူ၍ဖြစ်သည်။ ဤစီမံချက်တွင် ပေါင်းလောင်းမြစ်ကို တန်ဖိုးအမြင့်ဆုံးအသုံးချရန်ကိစ္စသည် ထိပ်ဆုံးမှပါဝင်ခဲ့သည်။ ၁၉၇၈ ခုနှစ် ဇွန်လတွင် အစီရင်ခံစာ တင်သွင်းနိုင်ခဲ့သည်။

၁၉၈၀ ပြည့်နှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် နော်ဝေနိုင်ငံအစိုးရတို့ သဘောတူစာချုပ်အရ နော်ဝေနိုင်ငံမှ Norconsult A.S အတိုင်ပင်ခံအဖွဲ့ကို တစ်ဘက်ပါခေါင်းစဉ်ပါလုပ်ငန်းများ ဆောင်ရွက်ရန် ငှားရမ်းခဲ့သည်။

"Detailed Engineering and Design Study of Paunglaung Hydroelectric Project and the Power System Planning and Operations Review Under Nyaunggyat Dam Multipurpose Project" ဟူ၍ဖြစ်သည်။ အဆိုပါလုပ်ငန်းတွင်ပါဝင်သော Nyaunggyat Dam (ညောင်ကြပ်တမံ)ဆိုသည်မှာ ကင်းတားတမံ၏ မူလအမည်ဖြစ်သည်။ စီမံကိန်းကို မူလက "ညောင်ကြပ်"အမည်ဖြင့် စတင်ခဲ့ပြီး နောင်တွင် "ကင်းတား"ဟူ၍ အမည်ပြောင်းခဲ့ခြင်းဖြစ်သည်။ Norconsult A.S သည် ၁၉၈၀ ပြည့်နှစ် စက်တင်ဘာလမှစ၍ လေ့လာတွက်ချက်မှုများ ဆောင်ရွက်ခဲ့ရာ ၁၉၈၁ ခုနှစ်တွင် ပြီးစီးခဲ့သည်။

> "၁၉၇၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် ဂျပန်နိုင်ငံမှ New Japan Engineering Consultants Inc.(NEWJEC) အဖွဲ့အား မြန်မာနိုင်ငံအတွက် ဓာတ်အားထုတ်လုပ်မှု၊ ပို့လွှတ်မှုဖွံ့ဖြိုးရေး ၁၅ နှစ်စာ စီမံချက်ရေးဆွဲရန် တာဝန်ပေးခဲ့သည်။ စီမံကိန်းအမည်အပြည့်အစုံမှာ "Burma Umbrella Project Power Development Survey" ဟူ၍ဖြစ်သည်။ ဤစီမံချက်တွင် ပေါင်းလောင်းမြစ်ကို တန်ဖိုးအမြင့်ဆုံးအသုံးချရန်ကိစ္စသည် ထိပ်ဆုံးမှပါဝင်ခဲ့သည်. . ."

ပေါင်းလောင်းမြစ်ကို အလျားလိုက် သုံးပိုင်းပိုင်း၍ လေ့လာခဲ့ရာ မြစ်ဖျားမှ ၂၉ ဒသမ ၄ မိုင် (ကီလိုမီတာ ၅၀ ) ထိ မြစ်ကြမ်းပြင် လျှောစောက် ၁/၁၀၀ ဖြင့်လည်းကောင်း၊ ဒုတိယ ၅၄ ဒသမ ၂ မိုင်( ၈၈ ကီလိုမီတာ) တွင် လျှောစောက် ၁/၅၂၀ ဖြင့်လည်းကောင်း၊ မြစ်အောက်ပိုင်း ၂၅ ဒသမ ၄ မိုင်(၄၀ ကီလိုမီတာ) တွင် လျှောစောက် ၁/၂၉၀ ဖြင့်လည်းကောင်း စီးဆင်းနေသည်။ မြစ်တစ်လျှောက် ရေတံခွန်ရေကျ ကြီးကြီးမားမားမရှိပါ။ ကိန်းဂဏန်းများအရ ပေါင်းလောင်းမြစ်ဖျားသည် မတ်စောက်သည်။ အလယ်ပိုင်းသည် ပြေပြစ်သည်။ အောက်ပိုင်းသည် အသင့်အတင့်လျှောစောက်ဖြစ်သည်ကို တွေ့ရသည်။

ပင်လယ်ရေမျက်နှာပြင်အထက် အမြင့် ပေ ၂၃၅၀(၇၁၆ မီတာ) မှ စတင်မြစ်ဖျားခံခဲ့သည်။ မြစ်၏ ဒုတိယပိုင်းအစတွင် အမြင့် ပေ ၁၃၀၀ (၃၉၆ မီတာ) ဖြစ်လာသည်။ တတိယပိုင်း (မြစ်အောက်ဆုံးအပိုင်း) စတင်ချိန်တွင် အမြင့်ပေ ၇၅၀ (၂၂၈ မီတာ) ဖြစ်လာသည်။ ခေါမနှင့် ကျည်တောင်ရွာအနီးအရောက်တွင် ၂၅၅ ပေ (၇၇ မီတာ) အမြင့်သာကျန်တော့သည်။

မြစ်အလျားစုစုပေါင်းသည် ၁၀၉ မိုင် (၁၇၀ ကီလိုမီတာ)ခန့်ရှည်လျားပြီး ရေဖမ်းဧရိယာ (Catchment Area) စုစုပေါင်းမှာ ၁၈၆၁ စတုရန်းမိုင် (၄၈၂၁ စတုရန်းကီလိုမီတာ) ကျယ်ပြန့်သည်။ နှစ်စဉ် ပျမ်းမျှရေစီးနှုန်းသည် ၁၅၇ ကုဗမီတာ/စက္ကန့်( ၅၅၂၀ ကုဗပေ/စက္ကန့်)ဖြစ်သည်။

**ဆက်လက်ဖော်ပြပါမည်။**

ရန်ကုန်၊ စီးပွားရေး

## ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ခြောက်သောင်းကျော်တင်ပို့နိုင်



၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန်ခြောက်သောင်းကျော် တင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ပြောဆိုချက်အရသိရသည်။

"၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်ကနေ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပကို ငါးမျိုးစုံ မက်ထရစ်တန် ၆၁၃၇၂ ဒသမ ၇၄၂ တန်တင်ပို့မှုကနေ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၁၁ သန်းရရှိခဲ့ပါတယ်" ဟု ၎င်းကပြောသည်။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ ငါးမျိုးစုံတင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်မှုမှ မက်ထရစ်တန် ၃၄၇၄၂ ဒသမ ၄၅၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၈ ဒသမ ၇၅၉ သန်းရရှိခဲ့သည်။ နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၂၆၆၃၀ ဒသမ ၂၉ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၆၅၂ သန်းရရှိသည့်အတွက် ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ၆၁၃၇၂ ဒသမ ၇၄၂ တန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၆၉ ဒသမ ၄၁၁ သန်းရရှိခဲ့သည်။

ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူက ပြည်ပသို့ ငါးမျိုးစုံ မက်ထရစ်တန် ၃၅၂၀၀ ဒသမ ၁၆၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၀၄ သန်းရရှိခဲ့သည်။

ပြည်တွင်းမှထွက်ရှိသော ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့ တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်ရေးမှလည်း တိုက်ရိုက်တင်ပို့ကြောင်း သိရသည်။

**စောယု**

နေပြည်တော် ဇူလိုင် ၁၆

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နေ့လယ်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်း မိတ်ဆွေကောင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်ကောင်းမွန်လျက်ရှိသည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ သင်တန်းသားများ အပြန်အလှန်စေလွှတ်ရေး၊ စစ်ဘက်ဆိုင်ရာများပိုမိုပူးပေါင်းဆောင်ရွက်ရေးနှင့် လေ့ကျင့်ရေးဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယစစ်သံမှူး Colonel Jaswinder Singh Gill နှင့် အိန္ဒိယတပ်မတော်မှအရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား လက်ခံတွေ့ဆုံစဉ်။

နေပြည်တော် ဇူလိုင် ၁၆

# အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ Mr. Dragan Aleksoski အား ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM) ၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ လက်ရှိဆောင်ရွက်လျက်ရှိသည့် IOM ၏လုပ်ငန်းစဉ်များနှင့် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်တို့အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၆

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၌ သုတေသန ပရောဂျက်ပြပွဲ(၂၀၂၄) ကျင်းပ

သုတေသန ပရောဂျက်ပြပွဲ (၂၀၂၄) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ရှိ **မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်** Myanmar Institute of Information Technology (MIIT)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယကောင်စစ်ဝန်၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ပုဂ္ဂလိက IT လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီးနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားကြပြီး MIIT ပါမောက္ခချုပ်က သုတေသနပရောဂျက်ပြပွဲ (၂၀၂၄) ဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တက်ရောက်လာကြသူများနှင့်အတူ စက်ရုပ် (Robotics)၊ ဉာဏ်ရည်တု (AI) နည်းပညာများအပါအဝင် ခေတ်မီ IT Hardware နှင့် Software နည်းပညာများကို ကျောင်းသား၊ ကျောင်းသူများက အဖွဲ့လိုက် ပေါင်းစပ်အသုံးချပြီး တီထွင်ဆန်းသစ်ထားသည့်သုတေသနပရောဂျက် ၃၄ ခုကို လှည့်လည်ကြည့်ရှုအားပေးကာ **သုတေသနရလဒ်များကို ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရေး အမှန်တကယ်အကျိုးပြုနိုင်ရန်အတွက် ပရောဂျက်မှ လက်တွေ့နယ်ပယ်များ၌ အသုံးချနိုင်ရေး ဆက်လက်ဆောင်ရွက်ရန်** မှာကြားသည်။

အဆိုပါ MIIT တက္ကသိုလ်ကို အိန္ဒိယသမ္မတနိုင်ငံမှ နည်းပညာအထောက်အပံ့ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သုတေသနပရောဂျက်အခြေပြုလေ့လာမှုစနစ်ဖြင့်ပါ သင်ကြားသင်ယူမှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် ပရောဂျက်ပြိုင်ပွဲများကိုလည်း ပညာသင်နှစ်အလိုက် နှစ်စဉ်ကျင်းပလျက်ရှိသည်။ ပြိုင်ပွဲဝင် ပရောဂျက်များမှဆုများကို ရွေးချယ်ရာတွင် တီထွင်ဖန်တီးနိုင်မှု၊ နောက်ဆုံးပေါ် Tools များ အသုံးပြုနိုင်မှု၊



သီအိုရီထည့်သွင်းအသုံးချနိုင်မှု၊ လွယ်ကူပြီး ကျယ်ပြန့်စွာအသုံးပြုနိုင်မှု စသည့်အချက်များပေါ် မူတည်ရွေးချယ်ကြောင်း သတင်းရရှိသည်။

မွန်းလွဲပိုင်းတွင် ဆုပေးပွဲအခမ်းအနားကို ကျင်းပရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရအသင်းများကို သုတေသနထူးချွန်ဆုများ ဂုဏ်ပြုချီးမြှင့်ကြသည်။

(၅၀၀)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## ဒီမိုကရေစီဆိုတာ

ဒီမိုကရေစီတိုင်း ဒီမိုကရေစီဖြစ်တာမဟုတ်ဘူး။ ဒီမိုကရေစီခေတ်စားလာတဲ့အခါမို့ ရောယောင်ပြီး သံဖမ်းပြောကြတာတွေလည်းအများကြီးပဲ။ ဒါဖြင့် ဒီမိုကရေစီဆိုတာဘာလဲ။ လူလူချင်း၊ လူတန်းစား အချင်းချင်း၊ လူမျိုးအချင်းချင်း အစရှိသည်အားဖြင့် အခွင့်အရေးတန်းတူကျပ်ပြည့်မရှိသမျှ ကာလပတ်လုံး ဒီမိုကရေစီကျပ်ပြည့်တင်းပြည့်မဟုတ်သေးဘူး။

(၁၉၄၇ ခုနှစ်၊ မေလ ၁၉ ရက် ဂျူဗလီဟောပဏာမပြင်ဆင်မှုညီလာခံတွင် ဗိုလ်ချုပ်အောင်ဆန်း ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)





နေပြည်တော် ဇူလိုင် ၁၆

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ လက်ခံတွေ့ဆုံ

ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသောဆက်ဆံရေးနှင့်နှစ်နိုင်ငံ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများပိုမိုတိုးမြှင့်ရေး၊ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်ဒေသ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၆

## မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင် လက်ခံတွေ့ဆုံ



အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး ဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံအကြားဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသများတည်ငြိမ်အေးချမ်းရေးအတွက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများတက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၁၆

## အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာရေးအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် လက်ခံတွေ့ဆုံ

အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်သည် တာဝန်ပြီးဆုံး၍ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာတော့မည့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (International Organization for Migration-IOM)၏ မြန်မာနိုင်ငံဆိုင်ရာ အကြီးအကဲ Mr. Dragan Aleksoski ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ (International Organization for Migration- IOM) ၏ မြန်မာနိုင်ငံဆိုင်ရာအကြီးအကဲ နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံအသီးသီးတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများ လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရေး၊ လူမှုကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ ရွှေ့ပြောင်းအလုပ်သမားများအား လူသားချင်းစာနာထောက်ထားမှု အကူအညီများ ဆောင်ရွက်ပေးခြင်းတို့ကို IOM မှ ကူညီဆောင်ရွက်ပေးမှုများအတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး IOM နှင့် အလုပ်သမားရေးရာကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် MoU လက်မှတ်ရေးထိုးရေးကိစ္စရပ်များနှင့် အလုပ်သမားဝန်ကြီးဌာနနှင့် IOM တို့ပူးပေါင်းပြီး



နိုင်ငံတကာလုပ်သားများ ရွှေ့ပြောင်းသွားလာခြင်း စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု (SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄


(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## မိုးလေဝသ သတင်း




**သစ်ပင်စိုက်ပါ တို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ**

ချောင်းဆုံ၊ လူမှုရေး

## အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ စာဖတ်စွမ်းရည်ပြိုင်ပွဲများနှင့် နံရံကပ်စာစောင်ပြသခြင်းဆောင်ရွက်

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်ရှိ လူငယ်လူရွယ်များ၊ ကျောင်းသား၊ ကျောင်းသူများအား (၇၇)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့်စာဖတ်ရှုနိမြင့်တင်ရေးလုပ်ငန်းများကို မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကာ ဇူလိုင်လ ၁၆ ရက်တွင် မရမ်း (အခြေခံပညာမူလတန်းကျောင်း)၌ အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီးက အမှာစကားပြောကြားကာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းချောက အာဇာနည်နေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းများနှင့် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအကြောင်း သိကောင်းစရာများ ဟောပြောပြီး ကျောင်းသား၊ ကျောင်းသူများက သိလိုသည်များကို ပြန်လည်ဖြေကြားပေးခြင်းနှင့်အာဇာနည်နေ့အထိမ်းအမှတ် နံရံကပ်စာစောင်များ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ ကလေးစစ်သား လျှော့နည်းပပျောက်ရေး အသိပညာပေး နံရံကပ်စာစောင်နှင့်ကလေးအလုပ်သမား လျှော့နည်းပပျောက်ရေး စသည့်နံရံကပ်စာစောင်များပြသကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့်အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ထောက်ခံချက်ရရှိထားသူများ။
- (ခ) နိုင်ငံ့ဝန်ထမ်းများ။
- (ဂ) ပညာသင်ကြားနေသူများ။
- (ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။
- (င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။
- (စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

- (က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။
- (ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။
- (ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။
- (ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။
- (င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

မြိတ်၊ လူမှုရေး

## သီးနှံအခြေခံတန်ဖိုးမြှင့် စားသောက်ကုန် ထုတ်လုပ်မှုနည်းပညာ သင်တန်းဖွင့်လှစ်

မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သော သီးနှံအခြေခံ တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၁၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ မြိတ်တောင်ကျေးရွာအုပ်စု ဘုတ်ချောင်းရပ်ကွက် ချမ်းအေးကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် မြိတ်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်သူသူစံက စီမံကိန်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြိတ်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်-၂ ဦးသောင်းအေးက သင်တန်းအတွက် သင်ထောက်ကူပစ္စည်းများပေးအပ်ရာ သင်တန်းတာဝန်ခံတစ်ဦးက လက်ခံရယူသည်။

အဆိုပါသင်တန်းကို အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်း (အသေးစား၊ အငယ်စား စီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့်လုပ်ငန်း)၊ ဒေသထွက်ကုန်များကို ကုန်ချောအဖြစ်ထုတ်လုပ်နိုင်စေရန်၊ အမျိုးသမီးများဝင်ငွေတိုးစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းသင်တန်းတွင် သစ်သီး ၁၀၀ ရာခိုင်နှုန်းကိုအခြေခံသည့် ယိုအမျိုးမျိုး၊ ဖျော်ရည်နှင့် သစ်သီးဝိုင်၊ သစ်သီးဂျယ်လီနှင့် သီးနှံအခြေခံစားသောက်ကုန်များအား စာတွေ့လက်တွေ့ဖြင့် ကုန်အမှတ်တံဆိပ်များအကြောင်းနှင့်စားသုံးသူရေးရာ ကဏ္ဍများအကြောင်းတို့ကို သင်တန်းသူ ၁၅ ဦးအား ခုနစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။ **(၄၁၂)**

# ဆီးချိုရောဂါနှင့် သွေးတိုးရောဂါဖြစ်ရခြင်းအကြောင်းရင်း

**ဆီးချိုရောဂါ**

ဆီးချိုရောဂါသည် အချိုဓာတ်များသောအစားအစာများကို လွန်ကဲစွာစားသောက်သူများတွင်ဖြစ်တတ်သောရောဂါအဖြစ် ဖော်ပြထားသည်ကို တွေ့ရသည်။

ဆီးချိုရောဂါသည် အသက်ကြီးမှဖြစ်သော ရောဂါမျိုးမဟုတ်၊ ဆီးချိုမျိုးရိုးရှိသူများသည် သက်လတ်ပိုင်းအရွယ်ကပင် ဆီးချိုရောဂါခံစားလာရသည်ကို တွေ့ရသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ကံကြောင့်ဖြစ်သော ဆီးချိုရောဂါဟုဆိုရမည်ဖြစ်သည်။ ဆီးချိုရောဂါသည် ကူးစက်ရောဂါမဟုတ်သော်လည်း မိသားစုဝင်တစ်ဦးဦးတွင် ဆီးချိုရောဂါရှိခဲ့လျှင် ငယ်စဉ်ကပင်သတိထားပြီး အချိုစားသောအလေ့အကျင့်ကို ရှောင်ကြဉ်ခြင်းဖြင့် ကာကွယ်နိုင်သည်။

အသက်ကြီးမှဖြစ်သောရောဂါ၊ တစ်နည်းအားဖြင့် မျိုးရိုးလိုက်ခြင်းမဟုတ်ဘဲ မိမိ၏အနေအထိုင်၊ အစားအသောက်အမှားကြောင့်ဖြစ်သော ဆီးချိုရောဂါကို ဆီးချိုရောဂါအမျိုးအစား(၂)အဖြစ် သတ်မှတ်သည်။ အချိုဓာတ်များသောအစာ၊ အဆီအအိမ့်များသောအစာ၊ အဆီနှင့်တွဲနေသောအသားကို စားသုံးမှုများသူများတွင် ဆီးချိုရောဂါဖြစ်နိုင်သည်။ အချိန်ကြာမြင့်စွာရေခဲရိုက်ပြီးသိမ်းထားသောအသားများနှင့် ရေခဲသေတ္တာအတွင်း ကြာရှည်စွာထည့်ထားသောအစားအစာများကို စားသုံးမှုများခြင်းကြောင့်လည်း ဆီးချိုရောဂါဖြစ်နိုင်သည်။ ထမင်းစားပြီးတိုင်း အချိုရည်သောက်သုံးသူနှင့် မောပန်းသည့်အခါတိုင်း အချိုရည်သောက်သုံးလေ့ရှိသူများတွင် ပို၍အဖြစ်များသည်။

ဆီးချိုရောဂါသည် သွေးတွင်းသကြားဓာတ်များပြီးဖြစ်ရသောရောဂါဖြစ်သဖြင့် ဆီးမချိုခင်ကပင် သွေးကချိုပြီးဖြစ်နေသည်။ ထို့ကြောင့် ဆီးချိုသွေးချိုရောဂါဟုခေါ်လျှင် ပို၍သင့်တော်မည်ဖြစ်သည်။

ဆီးချိုရောဂါသည် အအေးကြိုက်သူများတွင် ပို၍ဖြစ်နိုင်သည်။ အပူပိုင်းဒေသတွင် နေထိုင်သူများထက် အအေးပိုင်းဒေသတွင် နေထိုင်သူများက ပို၍ဆီးချိုရောဂါဖြစ်လေ့ရှိသည်ကို လေ့လာတွေ့ရှိရသည်။ နေရောင်ခြည်နှင့်နေ့စဉ်ထိတွေ့ အလုပ်လုပ်ကိုင်သူများထက် အလုံပိတ်အဲကွန်းခန်းများ၌ အလုပ်လုပ်ကိုင်သူများတွင် ဆီးချိုသွေးချိုရောဂါပို၍ဖြစ်နိုင်သည်ကို တွေ့ရသည်။

ယနေ့ခေတ် မြို့ပြလူနေမှုစနစ်တွင် အထပ်မြင့်တိုက်ခန်းများ၌ နေထိုင်သူများလာရာ တချို့အဆောက်အအုံများမှာ တစ်ခုနှင့်တစ်ခုကြားညပ်ပြီး နေရောင်ခြည်ကောင်းစွာမရရှိသည်ကို တွေ့ရသည်။ နေရောင်မဝင်သည့်အခန်းမျိုး၌နေထိုင်ရပါက ကျန်းမာရေးအတွက် ဆိုးကျိုးဖြစ်နိုင်သည်။ ဆီးချိုသွေးချိုရောဂါဖြစ်ရခြင်း၏ အကြောင်းရင်းကို အစားအသောက်တစ်ခုတည်းတွင်သာ အာရုံစိုက်နေခြင်းထက် အနေအထိုင်၊ အဆောက်အအုံနှင့် လုပ်ငန်းခွင်နေရာကိုပါ ထည့်သွင်းစဉ်းစားပြီး ပြုပြင်သင့်သည်။

■ ဆီးချိုရောဂါသည် အသက်ကြီးမှဖြစ်သောရောဂါမျိုးမဟုတ်၊ ဆီးချိုမျိုးရိုးရှိသူများသည် သက်လတ်ပိုင်းအရွယ်ကပင် ဆီးချိုရောဂါခံစားလာရသည်ကို တွေ့ရသည်။ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွင် ကံကြောင့်ဖြစ်သော ဆီးချိုရောဂါဟုဆိုရမည်ဖြစ်သည်။ ဆီးချိုရောဂါသည် ကူးစက်ရောဂါမဟုတ်သော်လည်း မိသားစုဝင်တစ်ဦးဦးတွင် ဆီးချိုရောဂါရှိခဲ့လျှင် ငယ်စဉ်ကပင် သတိထားပြီး အချိုစားသောအလေ့အကျင့်ကိုရှောင်ကြဉ်ခြင်းဖြင့် ကာကွယ်နိုင်. . .

■ သွေးတိုးဝေဒနာခံစားနေရသူ၏လက္ခဏာမှာ မျက်နှာမကြည်လင်ခြင်း၊ ခေါင်းအုံခေါင်းခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ နားထင်နှင့်မျက်ခုံးအကြောများတင်း၍ကိုက်ခြင်း၊ အိပ်ချင်ခြင်း၊ သမ်းဝေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ အမြင်အာရုံမကြည်လင်ခြင်းဝေဒနာများ ခံစားရတတ်. . .

လမ်းလျှောက်နည်းခြင်းသည်လည်း ဆီးချိုသွေးချိုရောဂါဖြစ်ရခြင်း၏ အကြောင်းရင်းတစ်ခုဖြစ်သည်။ လူတိုင်း တစ်ရက်လျှင် အနည်းဆုံးနှစ်မိုင်ခန့် လမ်းလျှောက်သင့်သည်။ လမ်းလျှောက်သည့်အလေ့အထနည်းသူများတွင် အသက်ကြီးလျှင် သွေးတွင်းအချိုဓာတ်များလာပြီး နောက်ဆက်တွဲရောဂါအဖြစ် ကျောက်ကပ်၊ နှလုံးနှင့် လေဖြတ်လေငန်းရောဂါများ ဖြစ်နိုင်သည်။ ထို့ကြောင့် နေ့စဉ် လမ်းလျှောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်း တစ်မျိုးမျိုးပြုလုပ်ခြင်းဖြင့် ဆီးချိုရောဂါဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်သင့်သည်။

**သွေးတိုးရောဂါ**

သွေးတိုးရောဂါသည် အသက် ၄၀ ကျော်လာသူအတော်များများတွင် ဖြစ်လေ့ရှိသည်။ သွေးတိုးရောဂါဟုဆိုသဖြင့် ခန္ဓာကိုယ်ထဲတွင် လှည့်ပတ်နေသောသွေးလွှတ်ကြော၊ သွေးပြန်ကြောများမှ သွေးများတိုးပွားလာခြင်းမဟုတ်ပါ။ ခန္ဓာကိုယ်အနှံ့အပြားသို့ သွေးရောက်ရှိစေရန် နှလုံးမှ သွေးကိုညှစ်ပို့ရသည်။ ထိုသို့ညှစ်ပို့ရသော သွေးဖိအားသည် ပုံမှန်မဟုတ်တော့ဘဲ ပုံမှန်ထက်ပို၍ တိုးလာခြင်း၊ သွေးပို့ညှစ်သည့်ဖိအားတိုးလာခြင်းကို သွေးတိုးရောဂါဟုခေါ်သည်။ အနောက်တိုင်းသွေးပေါင်ချိန်ကိရိယာတွင် ပြဒါးနှင့်တိုင်းသောဖိအားအပေါ် ၁၄၀ မီလီမီတာ/ပြဒါးနှင့်အောက် ၉၀ မီလီမီတာ/ပြဒါးအထက်ကျော်လွန်သွားလျှင် သွေးတိုးရောဂါဝင်လာပြီဟု သတ်မှတ်သည်။ ပုံမှန်လူတစ်ယောက်၏နှလုံးမှညှစ်သော သွေးဖိအားမှာ အပေါ် ၁၂၀ မီလီမီတာ/ပြဒါးအောက် ၈၀ မီလီမီတာဟု သတ်မှတ်ထားသည်။ တစ်နည်းအားဖြင့် 120/ 80 mmHg သည် အကောင်းဆုံးဟုဆိုသည်။

မြန်မာတိုင်းရင်းဆေးပညာတွင်လည်း သွေးစမ်းပညာရှိသည်။ လက်မဆစ်အရင်း လက်ကောက်ဝတ်အခြေတွင်ရှိသောသွေးကြောသည် နှလုံးမှထွက်လာသော ပင်မသွေးကြောကြီးနှင့် ဆက်လျက်ရှိသည်။ ထိုသွေးကြောတွင် သွေးတိုးပုံမှန်အနေအထားအမျိုးမျိုးကိုလေ့လာရာတွင် သွေးလုံးကြီးသော သွေးတိုး၊ သွေးလုံးငယ်သောသွေးတိုး၊ အလယ်အလတ်သွေးတိုးဟူ၍ သုံးမျိုးတွေ့ရသည်။ ထိုသုံးမျိုးတွင် ပူ၍သွေးလုံးကြီးသောသွေးတိုးသည် မကောင်းပေ။ အအေး၍ သွေးတိုးရောဂါရင့်လာလျှင် လက်ကောက်ဝတ်တွင် ဆောင့်တိုးပြီး မြွေကဲ့သို့တိုးသော သွေးတိုး၊ ဖားကဲ့သို့ခုန်သော သွေးတိုး၊ ပုစွန်ဆိတ်ကဲ့သို့ခုန်၍တိုးသောသွေးတိုးများသည် သွေးစမ်းပညာရပ်တွင် မကောင်းသောသွေးတိုးများဖြစ်သည်။

သွေးတိုးဝေဒနာ ခံစားနေရသူ၏လက္ခဏာမှာ မျက်နှာမကြည်လင်ခြင်း၊ ခေါင်းအုံခေါင်းခဲခြင်း၊ ဇက်ကြောတက်ခြင်း၊ နားထင်နှင့် မျက်ခုံးအကြောများတင်း၍ ကိုက်ခြင်း၊ အိပ်ချင်ခြင်း၊ သမ်းဝေခြင်း၊ အာရုံမစူးစိုက်နိုင်ခြင်း၊ အမြင်အာရုံမကြည်လင်ခြင်းဝေဒနာများ ခံစားရတတ်သည်။ အလွန်သွေးတိုးနေလျှင် မျက်စိထောင့်မှ သွေးကြောလေးများ နီရဲနေသည်ကိုတွေ့ရသည်။ သွေးဖိအားအလွန်အမင်းတိုးခြင်းကြောင့် မျက်စိသွေးကြောငယ်လေးများပေါက်ခြင်း၊ ဦးနှောက်အတွင်း သွေးကြောပေါက်၍ လေဖြတ်ခြင်းအထိ ဖြစ်နိုင်သည်။

**သွေးတိုးရောဂါ ဖြစ်ပွားမှုမှကာကွယ်ရန်**

(၁)စိတ်သောကများကို အတတ်နိုင်ဆုံးလျှော့ချပါ။
(၂)ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
(၃)အငန်ကို လျှော့၍စားသုံးပါ။
(၄)အသားနှင့်အသီးအနှံကို မျှတစွာစားသုံးပါ။
(၅)လမ်းလျှောက်ခြင်း သို့မဟုတ် ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းတစ်ခုခုကို နေ့စဉ်ပြုလုပ်ပါ။
(၆)အလွန်ပြင်းထန်သော အားကစားမလုပ်ပါနှင့်။
(၇)ဝမ်းမချုပ်အောင် အစဉ်ဂရုပြုပါ။ ဝမ်းနုတ်ဆေးကို စွဲ၍စားသုံးခြင်းမပြုဘဲ သဘာဝအတိုင်း ဝမ်းမှန်အောင်ပြုလုပ်ပါ။ အသီးအနှံများများစားခြင်း၊ အိပ်ရာဝင် ရေအဝသောက်ခြင်းဖြင့် ဝမ်းမှန်စေနိုင်သည်။
(၈)အအေးဓာတ်များသောနေရာများတွင် အိပ်စက်ခြင်းကို ရှောင်ကြဉ်ပါ။
(၉)အရက်သေစာသောက်သုံးခြင်းကို ရှောင်ကြဉ်ပါ။
(၁၀)ဆေးလိပ်ငွေ့၊ ခြင်ဆေး၊ ဓာတ်ဆီ၊ ဒီဇယ်ဆီလောင်ကျွမ်းရာမှထွက်သော အငွေ့များရှူရှိုက်ခြင်းကို ရှောင်ကြဉ်ပါ။
(၁၁)အချိုမှုန့်၊ ဟင်းခတ်မှုန့်၊ အရောင်ဆိုးဆေး၊ ဓာတုပစ္စည်းသုံးစွဲသောအစာများကို ရှောင်ကြဉ်ပါ။
(၁၂) နေရောင်ခြည်နှင့် လေကောင်းလေသန့်ရသောနေရာတွင် နေထိုင်နိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။

**ကြည်လွင်မြင့်(မုဒြာ)**

---

**ရန်ကုန်၊ စီးပွားရေး**

# ဧပြီလမှဇွန်လအထိ ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ရရှိ

ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၂၈ ရက်အထိ သုံးလတာကာလအတွင်း ပြည်ပသို့ လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၃၉၃ ဒသမ ၀၃၁ သန်းရရှိထားသည်။

ယခင်ဘဏ္ဍာနှစ်ကာလတူက လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုအနေဖြင့် ပုဂ္ဂလိကတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၈၄၃ ဒသမ ၆၀၅ သန်းရရှိထားသည်။

ပြည်တွင်း၌ စပါး၊ ပြောင်း၊ မြေပဲ၊ နှမ်း၊ နေကြာ၊ ပဲအမျိုးမျိုး၊ ဝါ၊ ကြံတို့ကိုစိုက်ပျိုးပြီး ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့တင်ပို့လျက်ရှိရာ ပြည်ပပို့ကုန်များထဲတွင် လယ်ယာထွက်ကုန်ပစ္စည်းတင်ပို့မှုသည် ဒုတိယအများဆုံးဖြစ်ပြီး စက်မှုကုန်ချောတင်ပို့မှုသည် အများဆုံးဖြစ်သည်။

ပြည်ပသို့ သစ်တောထွက်ပစ္စည်းအပြင် လယ်ယာထွက်ကုန်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ ရေထွက်ကုန်ပစ္စည်း၊ သတ္တုတွင်းထွက်ပစ္စည်း၊ စက်မှုကုန်ချောနှင့် တခြားပို့ကုန်ပစ္စည်းများ တင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်သုံးလတာကာလအတွင်း ပြည်ပပို့ကုန် စုစုပေါင်းတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃၅၃၁ ဒသမ ၇၉၈ သန်းရရှိထားသည်။

ထို့ပြင် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း၊ လူသုံးကုန်ပစ္စည်းနှင့် CMP တို့ကိုလည်း တင်သွင်းကြောင်း သိရသည်။ **စောယု**



လှိုင်ကော် ဇူလိုင် ၁၆

## ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းနှင့်အသိပညာပေးဟောပြောခြင်းအခမ်းအနားကျင်းပ



ကယားပြည်နယ်အစိုးရအဖွဲ့က နေရပ်ပြန်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် အသိပညာပေးဟောပြောခြင်းအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က အဖွင့်အမှာစကားပြောကြားရာတွင် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်နှင့်အညီ ပြည်နယ်အတွင်း ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အတွင်း ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဖြစ်သည့် ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးအဆင့်မြှင့်တင်ရေး စသည့်ဝန်ဆောင်မှုများကို လူတိုင်းလက်လှမ်းမီပြီး သာတူညီမျှရှိသည့် ကျန်းမာရေးလွှမ်းခြုံမှုစနစ်တစ်ရပ်ဖြစ်လာစေရေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းပြောကြားသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစည်သူက ကျန်းမာရေးအသိပညာပေးဟောပြောကာ ပြည်နယ်အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ဦးရဲမိုးဦးက သန့်ရှင်းသောအစားအသောက်နှင့် သောက်ရေအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောကြပြီး ဝမ်းပျက်ဝမ်းလျှောအကြောင်းသိကောင်းစရာပညာပေး Video Clip နှင့် ကလိုရင်းဆေးခတ်ခြင်းသရုပ်ပြ Video Clip တို့ကို ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက မြို့နယ်ခန်းမ၌ ကယားပြည်နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် နေရပ်ပြန်ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ဌာနဆိုင်ရာဝန်ထမ်းများနေထိုင်လျက်ရှိသည့် ပြည်သူ့ကျန်းမာရေးဝန်ထမ်းအိမ်ရာဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအိမ်ရာဝင်းနှင့် သူနာပြုသင်တန်းကျောင်းဝင်းအတွင်းကလိုရင်းဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်းနှင့်Bleaching Powder ဖြူးခြင်း စသည့်ကျန်းမာရေးဝန်ဆောင်မှုဆောင်ရွက်နေမှုများအား လိုက်လံကြည့်ရှုအားပေးသည်။

ထို့ပြင် လွိုင်ကော်မြို့နယ်ခန်းမ၌ ဆေးထိုးစုရပ်များဖွင့်လှစ်၍ ရုံးပိတ်ရက်မှအပ နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကိုဗစ်-၁၉ ကာကွယ်ဆေးအား နေ့စဉ်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

နေပြည်တော် ဇူလိုင် ၁၆

## ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်း ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကား ပြောကြားစဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၈ သင်းဖြင့် ဇူလိုင်လ ၂၂ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

မိတ္ထီလာ ဇူလိုင် ၁၆

## လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့်စက်ချုပ်သင်တန်းဖွင့်လှစ်

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ)၌ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် စက်ချုပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဇူလိုင်လ ၁၅ ရက် နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးတို့က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းနှင့် စက်ချုပ်သင်တန်းဖွင့်လှစ်မည့် ပျော်ကုန်းကျေးရွာနှင့် လိန်တောကျေးရွာတို့မှ ကော်မတီများထံ စီမံကိန်းလုပ်ငန်းများကို လွှဲပြောင်းပေးအပ်သည်။

စက်ချုပ်သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၇ ဦးတက်ရောက်ပြီး သင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ဩဂုတ်လ ၁၃ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။

ထို့ပြင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက်ပြီး သင်တန်းကို ဇူလိုင်လ ၁၅ ရက်မှ ၁၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါသင်တန်းများမှ သင်တန်းတစ်ခုလျှင် ထူးချွန်သင်တန်းသား၊ သင်တန်းသူ ငါးဦးနှုန်းဖြင့် သင်တန်းသား၊ သင်တန်းသူ ၁၀ ဦးအား ရွေးချယ်၍ စီမံကိန်းတစ်ခုလျှင် လုပ်ငန်းထူထောင်ရန် တစ်ဦးလျှင် ငွေကျပ် ၁၄၀၀၀၀၀ နှင့် ညီမျှသော လုပ်ငန်းသုံးစက်ပစ္စည်းကိရိယာများကို ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

(၆၀၂)

## ပြည်ချစ်ပန်းသို့ ဦးခိုက်သည်

➢ နယ်ချဲ့လက်အောက်၊ ဒူးမထောက်ခဲ့
ပြောင်မြောက်တွန်းလှန်၊ ဇွဲအားမာန်နှင့်
ခုခံသက်ပေး၊ လွတ်လပ်ရေးကို
ယူပေးလက်ကမ်း၊ ပြည်ချစ်ပန်း။

➢ အရိုင်းတစ်ခေတ်၊ သမိုင်းသစ်အောင်
ထုဆစ်ခက်ခဲ၊ လုံ့လဇွဲနှင့်
လက်တွဲသိုသိပ်၊ မျိုးချစ်စိတ်ဖြင့်
သုံးကျိပ်ရဲဘော်၊ ဇာနည်မော်တို့
ရည်မျှော်ဆောင်ထမ်း၊ ပြည်ချစ်ပန်း။

➢ ညီညွတ်စွမ်းအား၊ ပြည့်အင်အားဖြင့်
ဝံ့စားသွေးနီ၊ ဘာမထီတည့်
ဇာနည်မောင်ဘွား၊ သက်စွန့်သွားသည်
ကြိုးစားလက်ကမ်း၊ ပြည်ချစ်ပန်း။

➢ ထွတ်မြတ်ဂုဏ်လင်း၊ လွတ်လပ်ခြင်းကို
လှမ်းရင်းချီတက်၊ ထမ်းဆောင်ရွက်စဉ်
လောက်ထွက်မိစ္ဆာ၊ လူယုတ်မာကြောင့်
ခန္ဓာပျက်ယွင်း၊ အသက်နှင်းလျက်
ဆက်နှင်းလက်ကမ်း၊ ပြည်ချစ်ပန်း။

➢ ပြည်သူရှိုက်နမ်း၊ ပြည်ချစ်ပန်းတို့
သွေ့နွမ်းဖြူတ်ဖြူတ်၊ ဇီဝိန်ချုပ်လည်း
ဂုဏ်ပုဒ်အတိ၊ သမိုင်းရှိခဲ့
ပြည်၏သည်းပန်း၊ ပြည်ချစ်ပန်း။

➢ သြော်. . .
နိုင်ငံအတွက်၊ သွေးအသက်ကို
ပေးဆက်ခဲ့ရှာ၊ ပြည်မြန်မာ၏
အာဇာနည်စွမ်း၊ ပြည်ချစ်ပန်းတို့
တင့်ဆန်းဝေဆာ၊ ဂုဏ်ဖြာဖြာကို
ရင်မှာဦးခိုက်လျက်ပါသတည်း။ ။

ချမ်းမြဆောင်း(ကလော)

### ♫♫ သင်္ဘော (FM) အသံလွှင့်အစီအစဉ် ♫♫

၁၇-၇-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၀၈း၀၀ ကျန်းမာခြင်းအတွက်သဇင်ရဲ့လက်ဆောင်
၂။ ၁၂း၁၅ Special Music Time
၃။ ၁၃း၀၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၆း၂၀ K Pop
၅။ ၂၁း၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့်အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး) သို့လာရောက်မည့် ပြည်သူများ ယူဆောင်ခွင့်မပြုသည့် ပစ္စည်း(၁၀)မျိုးစာရင်းနမူနာ

အာဇာနည်ဗိမာန်သို့ လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး အကြောင်းကြားခြင်း

- လက်ကိုင်ဖုန်းအမျိုးမျိုး
- ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်း အမျိုးမျိုး
- အလံအမျိုးမျိုး
- ဗီနိုင်းစအမျိုးမျိုး
- လက်ကိုင်အိတ်အမျိုးမျိုး
- ပုလင်း/ဘူး အမျိုးမျိုး
- ကင်မရာအမျိုးမျိုး
- အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်၊ သံပိုက်များ
- မီးခြစ်အမျိုးမျိုး
- ဘောလ်ပင်အမျိုးမျိုး

## အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်နှင့်အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့်ပြည်သူများ Drone ယာဉ်များယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာချက်နမူနာ

အာဇာနည်ဗိမာန်သို့လာရောက်ကြမည့် ပြည်သူများအနေဖြင့် Drone ယာဉ်များ ယူဆောင်လာခြင်း၊ လွှတ်တင်ခြင်းများ မပြုလုပ်ရန် ကြိုတင်အသိပေးကြေညာခြင်း



နေပြည်တော် ဇူလိုင် ၁၆

# ပြည်ခရိုင်၊ ရွှေတောင်မြို့ပေါ်ရှိ ရပ်ကွက်များမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေပေးအပ်



နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် အလှူငွေများကို ရေဘေးသင့်ပြည်သူများအား ပေးအပ်စဉ်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဧရာဝတီမြစ်ရေမြင့်တက်ကာ ပြည်ခရိုင်၊ ရွှေတောင်မြို့ပေါ်ရှိ ကြာနီကန်ရပ်ကွက်၊ ယွန်းတန်းရပ်ကွက်နှင့် သရက်တောရပ်ကွက်များအတွင်းသို့ မြစ်ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိသဖြင့် ဒေသခံပြည်သူများသည် ကြာနီကန်ရပ်ကွက်၊ ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ ခေတ္တပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

အဆိုပါ ရေဘေးသင့်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူများက ကြာနီကန်ရပ်ကွက်၊ ရွှေမျက်မှန်ဘုရားဝင်းအတွင်းရှိ ဓမ္မာရုံ၌ သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားပြီး ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၃၆ စု၊ လူဦးရေ ၅၃၀ ဦးတို့အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့လှူဒါန်းသည့် အလှူငွေများအား ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

ရန်ကုန် ဇူလိုင် ၁၆

# အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင် ယူ-၁၉ အသင်း အင်ဒိုနီးရှားနိုင်ငံသို့ထွက်ခွာ

အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ဆူရာဘာယားမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းတွင် အသင်းအုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင် ကိုးဦး၊ ပြိုင်ပွဲဝင်ကစားသမား ၂၃ ဦး စုစုပေါင်း ၃၂ ဦးလိုက်ပါခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ပြီးခဲ့သည့် ဇွန်လကတည်းက စုဖွဲ့ကာ စခန်းသွင်းလေ့ကျင့်မှုများပြုလုပ်ခဲ့ပြီး တရုတ်နိုင်ငံသို့ သွားရောက်စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည့်အပြင် ပြည်တွင်း ကလပ်အသင်းများနှင့်လည်း ခြေစွမ်းပွဲစဉ်များကစားခဲ့သည်။

မြန်မာ့လက်ရွေးစင်ယူ-၁၉ အသင်းသည် အာဆီယံယူ-၁၉ ချန်ပီယံရှစ်ပြိုင်ပွဲတွင် ဗီယက်နမ်လက်ရွေးစင် ယူ-၁၉ အသင်း၊ လာအိုလက်ရွေးစင်ယူ-၁၉ အသင်းနှင့် ဩစတြေးလျလက်ရွေးစင်ယူ-၁၉ အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဇူလိုင်လ ၁၈ ရက်တွင် ဗီယက်နမ်အသင်းနှင့်လည်းကောင်း၊ ဇူလိုင်လ ၂၁ ရက်တွင် လာအိုအသင်းနှင့်လည်းကောင်း၊ ဇူလိုင်လ ၂၄ ရက်တွင် ဩစတြေးလျအသင်းနှင့် လည်းကောင်း အသီးသီးကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၇-၇-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၀၀ | ၂၇၇၅ | ၂၇၅၅ | ၂၇၂၀ | ၂၇၇၅ | ၂၇၉၀ | ၂၈၀၀ | ၂၇၅၅ | ၂၈၉၀ | ၂၉၂၀ | ၂၇၆၅ | ၂၇၈၀ | ၂၈၁၅ | ၂၈၀၀ | ၂၈၁၅ | ၃၂၂၀ | ၃၈၀၀ |
| 95 Ron | ၂၈၂၀ | ၂၈၉၅ | ၂၈၇၅ | ၂၈၃၀ | ၂၉၀၀ | ၂၉၁၀ | ၂၉၂၀ | ၂၈၈၀ | ၃၀၁၀ | ၃၀၄၀ | ၂၈၈၅ | ၂၉၀၀ | ၂၉၃၅ | ၂၉၂၅ | ၂၉၃၅ | ၃၃၄၅ | ၃၉၅၀ |
| HSD (500 ppm) | ၂၄၆၅ | ၂၅၄၀ | ၂၅၂၀ | ၂၄၇၀ | ၂၅၄၀ | ၂၅၅၅ | ၂၅၆၅ | ၂၅၂၀ | ၂၆၅၀ | ၂၆၈၀ | ၂၅၃၀ | ၂၅၄၅ | ၂၅၇၅ | ၂၅၆၅ | ၂၅၈၀ | ၂၉၈၅ | ၃၉၀၀ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၀၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၆၅ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၀ | ၂၉၉၅ | ၂၉၅၀ | ၃၀၈၀ | ၃၁၀၀ | ၂၉၅၅ | ၂၉၇၀ | ၃၀၀၅ | ၂၉၉၅ | ၃၀၀၅ | ၃၄၁၅ | ၃၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၅၃ | ၂၆၃၇ |
| 95 Ron | ၂၆၇၀ | ၂၇၅၇ |
| HSD (500 ppm) | ၂၃၂၄ | ၂၄၀၀ |
| HSD (50 ppm) | ၂၇၃၈ | ၂၈၂၂ |
| HSD (10 ppm) | ၂၇၃၈ | ၂၈၂၂ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။
(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-
၀၆၇ - ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

နေပြည်တော် ဇူလိုင် ၁၆

# လေဖိအားနည်းရပ်ဝန်းအခြေအနေ

ယနေ့နံနက် ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်း(ဩရိဿတောင်ပိုင်းကမ်းလွန်)တို့တွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း (Low Pressure Area) သည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်တောင်ပိုင်းသို့ ရောက်ရှိခဲ့ပြီးဖြစ်ပါသည်။ **(မိုး/ဇလ)**

| မြို့ | အနိမ့်ဆုံး / အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၂၅° C / ၃၂.၅° C |
| ရန်ကုန် | ၂၂° C / ၃၀.၀° C |
| မန္တလေး | ၂၆° C / ၃၈.၈° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

**(၁၆-၇-၂၀၂၄)၊ ည (၈း၀၀)နာရီ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါ လက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှုနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုတို့ဖြင့် ကွင်းဆင်းအဖွဲ့များသည် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိရာ (၁၅-၇-၂၀၂၄) ရက်နေ့ ည ၆ နာရီမှ (၁၆-၇-၂၀၂၄)ရက်နေ့ ည ၆ နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ လူနာသစ် (၇၄) ဦးရှိခဲ့ပြီး ၎င်းတို့အနက် (၅) ဦးမှာ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာများဖြစ်ကြောင်းနှင့် လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ (၁၆-၇-၂၀၂၄)ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၉၂) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သဖြင့် (၁၆-၇-၂၀၂၄)ရက်နေ့ ည ၆ နာရီအထိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ခဲ့သောလူနာ စုစုပေါင်း (၇၀၅) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

နေပြည်တော် ဇူလိုင် ၁၆

## မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ (Myanmar National Building Code - 2024) အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်ရုံး အစည်းအဝေးခန်း၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းဖေက အဖွင့်အမှာစကားပြောကြားပြီး လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ လုပ်ငန်းကော်မတီဝင်များနှင့် ဆပ်ကော်မတီဝင်များက MNBC-2024 ရေးဆွဲပြုစုရေး လက်ရှိဆောင်ရွက်နေမှုနှင့် ထပ်မံဖြည့်စွက်လိုသည့် အချက်များကိုလည်းကောင်း၊ လုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၄)၏အစည်းအဝေးဆုံးဖြတ်ချက်များကိုလည်းကောင်း ဖတ်ကြားအတည်ပြုဆွေးနွေးကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက ဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးသို့ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံအင်ဂျင်နီယာ အသင်းချုပ် ဥက္ကဋ္ဌ ဦးခင်မောင်ဌေး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ် MNBC - 2024 ဆပ်ကော်မတီ ဥက္ကဋ္ဌ ဦးညွန့်မောင်စန်း၊ အဆောက်အဦ ဦးစီးဌာန မှဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးမော်နှင့် အင်ဂျင်နီယာချုပ်များ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များတက်ရောက်ကြကြောင်းသိရသည်။ **(သတင်းစဉ်)**




နေပြည်တော် ဇူလိုင် ၁၆

## လှိုင်ကော်မြို့၊ ဒေါ်နီးကူးရပ်ကွက်၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအား ဆန်၊ ဆီနှင့်စားသောက်ဖွယ်ရာများပေးအပ်



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုပြီး ရင်းရင်းနှီးနှီးအားပေးစကားပြောကြားစဉ်။

ကယားပြည်နယ်၊ လွိုင်ကော်မြို့၊ ဒေါ်နီးကူးရပ်ကွက်၊ အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းရှိ ဆရာ၊ ဆရာမများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ ဒွေးမယ်နော်ဆောင်၌ ပြုလုပ်ရာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကျောင်းသား၊ ကျောင်းသူများ၏ ပညာသင်ကြားနေမှုများအား လိုက်လံကြည့်ရှုပြီး ကျောင်းသား၊ ကျောင်းသူများအား ရင်းရင်းနှီးနှီးအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် ဇူလိုင် ၁၆

## အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)၌ လူငယ်စကားဝိုင်းကျင်းပ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ) တို့ ပူးပေါင်းကျင်းပသည့် လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ လူငယ်စကားဝိုင်းကို ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါကောလိပ်၌ ကျင်းပသည်။

အခမ်းအနားသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ၊ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အဆိုပါစကားဝိုင်းတွင် ကော်မရှင်အဖွဲ့ဝင်က လူငယ်များအနေဖြင့် ဆန်းသစ်သည့် အတွေးအခေါ်များနှင့် ခေတ်မီနည်းပညာအသစ်များကို ကောင်းမွန်စွာအသုံးချ၍ အဂတိလိုက်စားမှု ပုံစံအမျိုးမျိုးကို ပိုမိုထိရောက်စွာ တိုက်ဖျက်သွားနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်နှင့်ကျင့်ဝတ်စံနှုန်းများ ခေါင်းစဉ်ဖြင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲကိုကျင်းပရာ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)မှ ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကိုမေးမြန်းကြပြီး ဆွေးနွေးသူများအဖြစ် ပါဝင်ဆောင်ရွက်ကြသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။




ကျောင်းသားလူငယ်များ အနေဖြင့် အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့အကြား ခွဲခြားတွေးတောသည့် အခြေခံစဉ်းစားတွေးခေါ်မှုများ မှန်ကန်စေရန်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် နိုင်ငံ့သားကောင်းများဖြစ်တည်စေရန်နှင့် အဂတိလိုက်စားမှုကို လုံးဝလက်မခံသောယဉ်ကျေးမှုတစ်ရပ်ဖြစ်ထွန်းစေရန် ရည်ရွယ်၍ တက္ကသိုလ်/ကောလိပ်များ၌ ယခုကဲ့သို့ လူငယ်စကားဝိုင်းများ ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူချင်းသတ်ဖြတ်ခဲ့လို့ တိုင်းပြည်ဒုက္ခရောက်ခဲ့ရတဲ့ အတိတ်ကာလကို သင်ခန်းစာမယူနိုင်သေးသော အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၁၇-၇-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ဥပဒေမရှိ လက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် နေ့အပူချိန်များ

၁၆-၇-၂၀၂၄

| | |
|---|---|
| မန္တလေး | ၃၈ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၈ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၇ ဒသမ ၆ ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| တံတားဦး (လေကြောင်းမိုးလေဝသ) | ၃၇ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| ကျောက်ဆည် (လွန်ကျော်) | ၃၇ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၆ ဒသမ ၉ ဒီဂရီဆဲလ်စီးယက် |

နေပြည်တော် ဇူလိုင် ၁၆

# ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပညာသင်ဆုချီးမြှင့်ပွဲနှင့် ပြည်ထောင်စုဝန်ကြီးဖလား ဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် တက်ရောက်အားပေး

ယွင်ထရန်းဟွာအုပ်စုကုမ္ပဏီလီမိတက်က ချီးမြှင့်ထောက်ပံ့သည့် ပညာသင်ဆုချီးမြှင့်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးကိုယ်စားလှယ် စီးပွားရေးသံမှူး Mr. Ouyang Dao Bing၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ယွင်ထရန်းဟွာအုပ်စုကုမ္ပဏီလီမိတက်၏ မြန်မာပြည်အခြေစိုက် Shwe Crop Nutrients Co., Ltd. မှ ဒုတိယအထွေထွေမန်နေဂျာ MR. YUAN JUN နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားပြီး တရုတ်သံရုံး စီးပွားရေးသံမှူးနှင့် ယွင်ထရန်းဟွာအုပ်စုကုမ္ပဏီလီမိတက် ဒုတိယအထွေထွေမန်နေဂျာတို့က ပညာသင်ဆုချီးမြှင့်ထောက်ပံ့ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြကာ ကျောင်းသား၊ ကျောင်းသူများကို ယွင်ထရန်းဟွာ ပညာသင်ဆု ထောက်ပံ့ပေးအပ်ကြသည်။

ယွင်ထရန်းဟွာအုပ်စုကုမ္ပဏီလီမိတက် အနေဖြင့် ပထမအကြိမ် ပညာသင်ဆုကို ၂၀၁၇ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ပညာသင်နှစ်သုံးနှစ်အတွက် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၉၀၀၀ နှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၆၂ ဦးကိုလည်းကောင်း၊ ဒုတိယအကြိမ် ပညာသင်ဆုအဖြစ် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၁၃၂ ဦးကိုလည်းကောင်း၊ ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တတိယအကြိမ်အဖြစ် ကျောင်းသား၊ ကျောင်းသူ ၁၀၇ ဦးကိုလည်းကောင်း ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာသင်ဆုချီးမြှင့်ပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ၂၀၂၄ ခုနှစ် ပြည်ထောင်စုဝန်ကြီးဖလား အမျိုးသားဘောလုံးအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားပြီး ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့်အတူ အသင်းလိုက် ဘောလုံးအားကစား ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)






နေပြည်တော် ဇူလိုင် ၁၇

# ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတထံ သံအမတ်ကြီး ဦးဝဏ္ဏာဟန် ခန့်အပ်လွှာပေးအပ်



ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝဏ္ဏာဟန်သည် ၎င်း၏ ခန့်အပ်လွှာကို ဇူလိုင်လ ၁၅ ရက်က အစ္စလာမာဘတ်မြို့၌ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံသမ္မတ မစ္စတာ အဇစ် အလီဇာဒါရီ ထံသို့ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၆

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | | |
|---|---|---|---|
| မှော်ဘီ | ၃ ဒသမ ၈၉ လက်မ | လှည်းကူး | ၂ ဒသမ ၆၈ လက်မ |
| ဖျာပုံ | ၃ ဒသမ ၄၃ လက်မ | ဓနုဖြူ | ၂ ဒသမ ၀၄ လက်မ |
| ပူတာအို | ၂ ဒသမ ၉၁ လက်မ | ကြာအင်းဆိပ်ကြီး | ၂ ဒသမ ၀၀ လက်မ |
| ကွမ်းခြံကုန်း | ၂ ဒသမ ၈၇ လက်မ | ရေး | ၁ ဒသမ ၉၃ လက်မ |
| ဝါးခယ်မ | ၂ ဒသမ ၈၄ လက်မ | ဘီးလင်း | ၁ ဒသမ ၉၃ လက်မ |

နေပြည်တော် ဇူလိုင် ၁၆

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA)၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Jaime Nadal Roig နှင့်အဖွဲ့ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဝန်ကြီးဌာန၏ သန်းခေါင်စာရင်းနှင့် လူဦးရေဆိုင်ရာစာရင်းဇယား၊ မှတ်တမ်းများ မှန်ကန်စေရေးအတွက် ဆောင်ရွက်သည့် လုပ်ငန်းများတွင် UNFPA အနေဖြင့် နှစ်ကာလရှည်ကြာစွာ အစဉ်တစိုက်ပံ့ပိုးကူညီဆောင်ရွက်ပေးမှု၊ ၂၀၁၄ ခုနှစ်က ဆောင်ရွက်ခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစဉ်များတွင် ဝန်ကြီးဌာနနှင့် UNFPA တို့ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ မြန်မာနိုင်ငံသို့ လာရောက်သည့် UNFPA မှ နိုင်ငံခြားသားဝန်ထမ်းများကို ပြည်ဝင်ဗီဇာနှင့်နေခွင့်ဆိုင်ရာ ခွင့်ပြုဆောင်ရွက်ပေးမှု၊ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုနှင့် ရရှိသော လူဦးရေကိန်းဂဏန်းအချက်အလက်များကို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်မည့်အခြေအနေ၊ ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် UNFPA အနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးနိုင်ရေးအခြေအနေတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနိုးဆော်ချက်


၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အာဇာနည်စိတ်ဓာတ်နှင့် ယနေ့လူငယ်များ၏တာဝန်

ညွှန့်ဝင်း(နတ်တလင်း)



လွန်ခဲ့သော အတိတ်ကာလ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျွန်ုပ်တို့၏ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရသည်။ သို့သော် အာဇာနည်ခေါင်းဆောင်ကြီးများ ဖောက်လုပ်ခဲ့သောလမ်းကို ကျွန်ုပ်တို့ ဆက်လျှောက်ကာ လွတ်လပ်ရေးကြီးကို ရယူပိုင်ဆိုင်နိုင်ခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အာဇာနည်စိတ်ဓာတ်ဖြင့် ကြိုးပမ်းခဲ့မှုများသည် အစဉ်အဆက်သော မျိုးဆက်သစ်တို့ အတုယူလိုက်နာစရာဖြစ်သည်။ ဤနေရာတွင် အာဇာနည်စိတ်ဓာတ်ကို ယနေ့လူငယ်တို့ မှန်ကန်စွာသိနားလည်ရန်လိုပေသည်။ မြန်မာအဘိဓာန်တွင် "အာဇာနည်" ကို "အကြောင်းဟုတ် မဟုတ်ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည် နှလုံးရည်ထူးကဲသာလွန်၍ အများအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ မြတ်စွာဘုရားရှင်က ယောကျ်ားအာဇာနည်သည် ကိုယ်ကျင့်သီလကောင်းမွန်ခြင်း၊ ဝီရိယကောင်းခြင်း၊ ဉာဏ်ပညာနှင့်ပြည့်စုံခြင်း စသည့် လက္ခဏာများနှင့်ပြည့်စုံရမည်ဟု မိန့်တော်မူခဲ့သည်။ အာဇာနည်ခေါင်းဆောင်ကြီးများသည် အာဇာနည်၏အဓိပ္ပာယ်ဖွင့်ဆိုချက်၊ မြတ်စွာဘုရား၏ ဟောကြားချက်တို့နှင့် ကိုက်ညီပြည့်စုံနေသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျင့်သီလ၊ လုံ့လဝီရိယနှင့် ဉာဏ်ပညာတို့ကို လူငယ်တို့သိရှိအတုယူသင့်ပေသည်။

ဘိုးဘေးဘီဘင်အစဉ်အဆက်က အခိုင်အမာရပ်တည်ခဲ့သော ကျွန်ုပ်တို့မြန်မာနိုင်ငံကို နယ်ချဲ့တို့က ကျူးကျော်စစ်သုံးကြိမ်ဖြင့် တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထို့ကြောင့် မြန်မာ့လွတ်လပ်ရေးဆုံးရှုံး၍ သူ့ကျွန်ဘဝတွင် ဖိနှိပ်အုပ်ချုပ်ခံခဲ့ရသည်။ သို့သော် မြန်မာတို့ကား သာကီနွယ်မျိုး၊ အာဇာနည်မျိုးဖြစ်သောကြောင့် နယ်ချဲ့တို့ကို ဒူးထောက်အညံ့မခံဘဲ ပြန်လည်တွန်းလှန်ခဲ့ကြသည်။ "သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ တို့ခေါင်းတုံးမည်၊ မှတ်တော်တည်လော့" ဟုဆိုသည့်အတိုင်း အဖိနှိပ်အုပ်ချုပ်ခံကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် ရရာလက်နက်ကိုင်စွဲ၍ တိုက်ပွဲဝင်ခဲ့ကြသည်။ အထူးသဖြင့် လူငယ်တို့သည် ဇာတိသွေး ဇာတိမာန် ထက်သန်ပြည့်ဝစွာဖြင့် နယ်ချဲ့ကိုတွန်းလှန်ခဲ့ကြသည်။ အဆင့်ဆင့် အဆက်ဆက် အသက်များ စတေးခဲ့ကြသည်။ ယင်းသမိုင်းဖြစ်ရပ်များသည် အာဇာနည်စိတ်ဓာတ်နှင့် တိုင်းပြည်အတွက် လူငယ်များ ကြိုးပမ်းခဲ့ပုံကို မီးမောင်းထိုးပြသကဲ့သို့ရှိနေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ရဲဘော်သုံးကျိပ်ဝင်များသည် နယ်ချဲ့ကို မြန်မာ့မြေမှမောင်းထုတ်နိုင်ရန် ဂျပန်တွင် စစ်ပညာသင်ယူခဲ့ကြသည်။ ဗမာ့လွတ်မြောက်ရေးတပ်မတော်ကို တိုင်းချစ်ပြည်ချစ်လူငယ်များနှင့် ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ထိုဗမာ့လွတ်လပ်ရေးတပ်မတော်သည် လွတ်လပ်ရေးအတွက် နိုင်ငံရေးနည်းနာများနှင့် လူထုလှုပ်ရှားမှုအသွင်ဖြစ်အောင် တပ်လှန့်နှိုးဆော်ဆောင်ရွက်နိုင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်များသည် မိမိတို့၏အသက်သည် တိုင်းပြည်အတွက်၊ မိမိတို့၏ခန္ဓာသည် ပြည်သူ့အတွက်၊ မိမိတို့၏ ဘဝသည် လွတ်လပ်ရေးအတွက်ဟု ဆုံးဖြတ်ခံယူကာ မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ ထို့ကြောင့်လည်း ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် နယ်ချဲ့တို့၏အရှိုက်ကို ထိစေမည့် ပင်လုံစာချုပ်ကို အောင်မြင်စွာချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်သည် တိုင်းရင်းသားညီအစ်ကိုမောင်နှမတို့၏သွေးစည်းညီညွတ်မှုကို အထင်အရှား သက်သေပြနိုင်ခဲ့ပြီး နယ်ချဲ့တို့အနေဖြင့် မြန်မာနိုင်ငံအား လွတ်လပ်ရေး မပေး၍မရတော့သည့်အခြေအနေသို့ ဆိုက်ရောက်စေခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ခေါင်းဆောင်ကြီးများသည် လွတ်လပ်ရေးဗိမာန်ကြီးကို တည်ဆောက်ရန် အခိုင်အမာအုတ်မြစ်ချနိုင်ခဲ့လေသည်။ တစ်နှစ်အတွင်း လွတ်လပ်ရေးရရှိရန် ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် အင်္ဂလန်သို့သွား၍ အင်္ဂလိပ်နန်းရင်းဝန် မစ္စတာအက်တလီနှင့်တွေ့ဆုံဆွေးနွေးပြီး အောင်ဆန်း-အက်တလီစာချုပ်ကို ချုပ်ဆိုခဲ့လေပြီဖြစ်သည်။ သို့သော် မြန်မာပြည်ကို လွတ်လပ်ရေးပေးရန် တွန့်တိုနေသော နယ်ချဲ့တို့သည် ပရိယာယ်အလီလီနှင့် ကြံစည်ယုတ်မာခဲ့ကြသည်။ မစားရသည့် အမဲ သဲနှင့်ပက်သည့်အကြံနှင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်ခေါင်းဆောင်ကြီးများကို လုပ်ကြံသတ်ဖြတ်ရန် အစီအစဉ်ဆွဲခဲ့သည်။ သူတို့ခိုင်းစေသည့်အတိုင်းလုပ်ကိုင်မည့် နယ်ချဲ့လက်ပါးစေ ဂဠုန်ဦးစောကို မက်လုံးပေး၍ ဗိုလ်ချုပ်အောင်ဆန်းတို့ကိုလုပ်ကြံစေခဲ့သည်။ ထို့ကြောင့် ဇူလိုင်လ ၁၉ ရက်နေ့၌ ဗိုလ်ချုပ်တို့အတွင်းဝန်ရုံးတွင် အစည်းအဝေးလုပ်နေစဉ် ဂဠုန်ဦးစော၏နောက်လိုက်များက ဝင်ရောက်ပစ်ခတ်လုပ်ကြံသတ်ဖြတ်သဖြင့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ကျဆုံးခဲ့ကြရလေသည်။ အာဏာကို ဖြတ်လမ်းမှ လုယက်ရန် ကြံစည်ကြိုးစားခဲ့သော ဂဠုန်ဦးစောသည်လည်း ပြစ်ဒဏ်အဖြစ် သေဒဏ်ပေးခြင်းခံရသည်။ မြန်မာပြည်ကား လွတ်လပ်ရေးပန်းတိုင်သို့အရောက် ချီတက်နိုင်ခဲ့သည်။

ဖော်ပြခဲ့သောသမိုင်းဖြစ်ရပ်များကို လေ့လာသုံးသပ်ကြည့်လျှင် နယ်ချဲ့တို့၏ ကောက်ကျစ်သော ဉာဏ်နီဉာဏ်နက်များ၊ မြှောက်ထိုးကော်ပင့်လုပ်မှုများ၊ မိမိလူမျိုးချင်း ရန်တိုက်ပေးမှုများကို တွေ့ရမည်ဖြစ်သည်။ နယ်ချဲ့တို့၏ လုပ်ရပ်များသည် ခေတ်စနစ်များပြောင်းလဲခဲ့စေကာမူ ယနေ့ခေတ်အခါတွင် အနောက်နိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှု၊ ကောက်ကျစ်မှု၊ တပည့်မွေးစေခိုင်းမှုများသည် အသွင်သဏ္ဌာန်ပုံစံသာ ကွဲပြားချင်ကွဲပြားမည်၊အနှစ်သာရကမူ အတူတူပင်ဖြစ်သည်။ ယနေ့လူငယ်တို့သည် သမိုင်းမှန်ကိုသိရှိရန်လိုအပ်သကဲ့သို့ တိုင်းတစ်ပါး၏ သွေးထိုးလှုံ့ဆော်မှုပုံစံအမျိုးမျိုးကို အသိပညာဉာဏ်ပါသော မျက်စိ၊ နား၊ ဦးနှောက်တို့နှင့် မြင်နိုင်ကြားနိုင် တွေးတောဆင်ခြင်နိုင်အောင် ကြိုးစားရမည်။ အချင်းချင်းမသင့်မမြတ်ဖြစ်၍ ပြည်တွင်းစစ်မီးမွှေးပေးရေးသည် ခေတ်သစ်နယ်ချဲ့တို့၏ ပရိယာယ်ဖြစ်ကြောင်း သိသင့်ပေသည်။ လူငယ်များ အတွေးမှား အမြင်မှားနှင့် လုပ်ရပ်အမှားများ ကျူးလွန်လာအောင် အယောင်ပြ မက်လုံးများပေး၍ ဥပဒေကို ချိုးဖောက်ရန် စေခိုင်းမှုများကို ပညာဉာဏ်ဖြင့် ချင့်ချိန်သင့်ပေသည်။ သမိုင်းကြောင်းကိုနားမလည်၍ တွေးခေါ်ချင့်ချိန်နိုင်မှုအားနည်းသော လူငယ်အချို့ကို အမျိုးမျိုးစည်းရုံးသိမ်းသွင်းလျက် နိုင်ငံတော်ဥပဒေကို ပုန်ကန်ခြားနားစေကာ အာဇာနည်များဟု ကင်ပွန်းတပ်မြှောက်ပင့်ပေးမှုများသည် အတုအယောင်သာဖြစ်ကြောင်း သိနားလည်သင့်ကြပေသည်။ မိမိနိုင်ငံအတွက် မိမိလူမျိုးအတွက် ကြိုးပမ်းဆောင်ရွက်မည့် လူငယ်များသည် အသိမှန် အမြင်မှန်နှင့် ယှဉ်တွဲဆောင်ရွက်နိုင်မှသာ တိုင်းပြည်နှင့်ပြည်သူတို့၏ အာဇာနည်များ ဖြစ်လာကြမည်မှာဧကန်ပင်။

လူငယ်များ၏ မူလစိတ်ရင်းသည် အမှန်တရားကို မြတ်နိုးသည်။ စူးစမ်းလိုစိတ်ပြင်းပြသည်။ စွန့်စားလိုစိတ်ဖြင့် မြူးကြွနေသည်။ ရဲရင့်သွက်လက်ထက်မြက်လျက်ရှိသည်။ လူငယ်များသည် အနာဂတ်နိုင်ငံတော်တာဝန်ကို နောင်တစ်ချိန်တွင် ပခုံးပြောင်းတာဝန်ယူမည့်သူများဖြစ်ရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့လူငယ်များ၏ မျိုးချစ်စိတ်အပေါ်တွင် များစွာတည်မှီနေပါသည်။ မျိုးချစ်စိတ်ရှိသောလူငယ်များကသာ တိုင်းပြည်နှင့် လူမျိုးတိုးတက်ရေး၊ လွတ်လပ်ရေး အစွန့်ရှည်ကြာတည်တံ့ခိုင်မြဲရေးကို ကြိုးပမ်းဆောင်ရွက်နိုင်ပေသည်။

မကြာသေးမီက ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြု၍ လူငယ်များကို နှစ်အကန့်အသတ်နှင့် စစ်မှုထမ်းရန်ခေါ်ယူပြီး သင်တန်းဖွင့်လှစ်ကာ စစ်ပညာများသင်ကြားဆောင်ရွက်ပေးနေပြီဖြစ်သည်။ဤသို့ဆောင်ရွက်ပေးခြင်းသည် လူငယ်များ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်ခိုင်မာ၍ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို အလေးထား ဆောင်ရွက်တတ်စေရန်ဖြစ်ပါသည်။ လူငယ်များစစ်မှုထမ်းခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများမှာ များပြားလှသည်။ နိုင်ငံ့သားကောင်းတစ်ယောက်အနေဖြင့် နိုင်ငံ့တာဝန်ကို ကျေပွန်သွားခြင်း၊ တပ်မတော်၏မူဝါဒများကို နားလည်သွားပြီး တပ်မတော်သားများအပေါ် စာနာနားလည်နိုင်ခြင်း၊ လူနှင့် လူ့အဖွဲ့အစည်းကို ခွဲခြားသိမြင်သွားခြင်း၊ ခေါင်းဆောင်မှုနှင့်အတူ အဖွဲ့လိုက်ပူးပေါင်းဆောင်ရွက်တတ်ခြင်း၊ စီမံခန့်ခွဲတတ်ခြင်းနှင့် စည်းကမ်းလိုက်နာတတ်ခြင်း စသောပညာရပ်များသည် လူငယ်ထုအတွင်း ကိုယ်ရည်ကိုယ်သွေးအဖြစ်ဖြစ်တည်သွားမည်ဖြစ်သည်။ ထို့ပြင် တပ်မတော် ရှေးရှုသွားနေသော လမ်းကြောင်းကို သိသွားကြမည်။ တပ်မတော်သားတစ်ဦး၏ တန်ဖိုး၊ တပ်မတော်အဖွဲ့အစည်း၏ တန်ဖိုးတို့ကိုသိရှိကာ စစ်ဘက်အရပ်ဘက်ဆက်ဆံရေးပြေလည်သွားပြီး နောင်ဆယ်စုနှစ်တစ်ခုအတွင်း တပ်မတော်နှင့် ပြည်သူတစ်သားတည်းဖြစ်သွားပေလိမ့်မည်။ တကယ်တမ်းတွင် ပြည်တွင်းပြည်ပ ပယောဂများသည် ကောလာဟလများဖန်တီးပြီး ပြည်သူများကို စိုးရိမ်ထိတ်လန့်အောင်ခြောက်လှန့်ကာ အမှားအမှန် ခွဲခြားနိုင်စွမ်းမရှိသူများအပေါ် အခွင့်ကောင်းယူ အသုံးချနေခြင်းကို မြင်အောင်ကြည့်တတ်ရန်လိုပါသည်။ ကောလာဟလကြောင့်ဟုဆိုရာ၌ အချို့က ပေါ်တာဆွဲခြင်းနှင့် ပြည်သူလူထုကိုခြောက်လှန့်နေကြသည်။ စဉ်းစားကြည့်လျှင် သိနိုင်သည်။ ယနေ့ခေတ်သည် ပေါ်တာခေတ်မဟုတ်တော့။ ရပ်ကျေးငယ်စာရင်းနှင့်တိုက်ပြီး ဆင့်ခေါ်သည့်အခါ သတင်းမပို့လျှင် ဥပဒေအရသာ အရေးယူနိုင်သည့် အခြေအနေတွင် မည်သူမျှ အလုပ်ရှုပ်ခံပြီး ပေါ်တာဆွဲမနေပါ။ စင်စစ်မှာ ညဥ့်အချိန်မတော်သော်လည်းကောင်း၊ ကန့်သတ်နေရာများတွင်သော်လည်းကောင်း မသင်္ကာပါက ခိုး၊ဆိုး၊ လု၊ နှိုက်၊ ဖောက်ခွဲဖျက်ဆီးရေးသမားများကို တားဆီးရန် ဆွဲယူဖမ်းဆီးစစ်ဆေးမှုသာဖြစ်သည်။ ပေါ်တာဆွဲခြင်းကို ကောလာဟလဖြန့်၍ ဧည့်စာရင်းစစ်ဆေးမှုကို နှောင့်နှေးကြန့်ကြာစေရန် ဝါဒဖြန့်ပြုမူကြခြင်းကို သဘောပေါက်ရန်လိုပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် ပြည်ထောင်စုကြီး ပြိုကွဲပျက်စီးစေရန်နှင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို ထိပါးစော်ကားသည့်လုပ်ရပ်များ ပြုလုပ်လျက်ရှိသည်။ ထိုလုပ်ရပ်များကို တားဆီးဖြိုဖျက်ရန် နိုင်ငံသားလူငယ်တိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။ ထိုတာဝန်ကို ကျေပွန်ရန် တိုင်းပြည်အတွင်းရှိ လူငယ်စွမ်းအားစုများ ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် တစ်ခုတည်းသောနည်းလမ်းသည် အမျိုးသားစစ်မှုထမ်းစနစ် (National Service) ပင်ဖြစ်သည်။ ထိုအမျိုးသား စစ်မှုထမ်းစနစ်ဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဟန်ချက်ညီညီနှင့် ရေရှည်ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့် လူငယ်နိုင်ငံသားတိုင်းသည် ပြည်တွင်းပြည်ပအဖျက်သမားများ၏ အန္တရာယ်ကို အစဉ်အမြဲကာကွယ်စောင့်ရှောက်နိုင်ရန် တပ်မတော်ကိုအားဖြည့်ကူညီသည့် ပြည်သူ့စစ်မှုထမ်းခြင်းကို ပါဝင်ဆောင်ရွက်ခြင်းဖြင့် နိုင်ငံ့သားကောင်းတို့၏တာဝန်ကို ကျေပွန်ကြရပေမည်။

နိုင်ငံတစ်ခုကို အုတ်များ ကျောက်များဖြင့် မတည်ဆောက်နိုင်ပါ။ နိုင်ငံသားများ၏ မျိုးချစ်စိတ်ဖြင့်သာ တည်ဆောက်နိုင်သည်။ မျိုးချစ်စိတ်မရှိသူသည် နိုင်ငံ၏အမှိုက်သရိုက်ပင်ဖြစ်ပါသည်။ ထို "အမှိုက်မှစ၍ ပြာသာဒ်မီးလောင်" နိုင်ပါသည်။ မျိုးချစ်စိတ်ရှိသူသည် နိုင်ငံတော်အတွက် မြတ်လှသော အမြတ်ရတနာပင်ဖြစ်ပါသည်။ သို့ဖြစ်ရာ လူငယ်များသည် အမေကျော် ဒွေးတော်မလွမ်းဘဲ နိုင်ငံတော်လွတ်လပ်ရေး၊ ယဉ်ကျေးမှုနှင့် အမျိုးဘာသာ သာသနာကို ထိန်းသိမ်းကာကွယ်ရန် အာဇာနည်မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်သူများဖြစ်အောင် ကြိုးပမ်းသွားရမည်ဖြစ်ပေသည်။ ။

## အာဇာနည်ဗိမာန်သို့ လာရောက်ဂါရဝပြုမည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ အာဇာနည်ဗိမာန်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ လင့်ခ်လမ်းတွင် ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်း နံပါတ်စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန်(နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ် လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အာဇာနည်ဗိမာန် ရင်ပြင်ပေါ်တွင် ဂါရဝပြုသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ (၁)ကြိမ်လျှင် (၁၀)ဦးစီဖြင့် သတ်မှတ်နေရာတွင် ဂါရဝပြုအလေးပြုရန်နှင့် ပြန်လည်ထွက်ခွာရာတွင်လည်း တစ်ဦးနှင့် တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာလိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- အစုလိုက် အလေးပြုသည့်အချိန်အား (၁၀)မိနစ်ထက် ပိုမကြာစေရန်။

## ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ ပန်းစည်း/ ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူး အမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များ ယူဆောင်၍ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask)များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျ လက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းနှင့် ဗိုလ်ချုပ်ပြတိုက်လမ်းဆုံတွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုး စစ်ဆေးခြင်း၊ Body Search ပြုလုပ်ခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ဝန်ထမ်းကတ် (သို့မဟုတ်) ကျောင်းသားကတ် (သို့မဟုတ်) ကိုယ်ရေးအချက်အလက် စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို (၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက် တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/ ၁၀၀.၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်း အပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏ အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး (၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေး အသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ) လာရောက်ခြင်း မပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများ ဖြစ်ပွားနေပါက လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။

## အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့ လာရောက်မည့် မိဘပြည်သူများ လိုက်နာဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံပန်ကြားခြင်း

- ဘောလ်ပင်အမျိုးမျိုး၊ လက်ကိုင်ဖုန်းအမျိုးမျိုး၊ အလံအမျိုးမျိုး၊ လက်ကိုင်အိတ်အမျိုးမျိုး၊ ကင်မရာအမျိုးမျိုး၊ မီးခြစ်အမျိုးမျိုး၊ ပန်းခွေ/ပန်းစည်း/ပန်းခြင်းအမျိုးမျိုး၊ ဗီနိုင်းစအမျိုးမျိုး၊ ပုလင်း/ဘူးအမျိုးမျိုး၊ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့်ကော်ပိုက်/ သံပိုက်များယူဆောင်၍ အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)အတွင်းသို့ ဝင်ရောက်ခွင့်မပြုပါ။
- လာရောက်သူများအားလုံး နှာခေါင်းစည်း(Mask) များ မပျက်မကွက် စနစ်တကျ တပ်ဆင်ရန်။
- သတ်မှတ်ပေးထားသောနေရာများတွင် စနစ်တကျလက်ဆေးခြင်း၊ အသင့်စီစဉ်ပေးထားသော Hand Sanitizer သုတ်လိမ်းခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ ဝင်ရောက်ရန်။
- ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်းနှင့်မဟာဗန္ဓုလလမ်းဆုံ၊ သိမ်ဖြူလမ်းနှင့်အနော်ရထာလမ်းဆုံတို့တွင် ယူဆောင်ခွင့်မပြုသော ပစ္စည်း(၁၀)မျိုးစစ်ဆေးခြင်း၊ အတွင်းဝန်ရုံး(ဝန်ကြီးများရုံး) ဝင်ပေါက်တွင် ကိုယ်အပူချိန်တိုင်းတာခြင်းအပါအဝင် ကျန်းမာရေးဆိုင်ရာ စစ်ဆေးမှုများနှင့် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ် စသည်တို့ကို ပြည့်စုံမှန်ကန်စွာ စာရင်းပေးသွင်းရန် (နိုင်ငံသားစိစစ်ရေးကတ်(သို့မဟုတ်) ဝန်ထမ်းကတ်(သို့မဟုတ်)ကျောင်းသားကတ်(သို့မဟုတ်)ကိုယ်ရေးအချက်အလက်စိစစ်နိုင်သည့် အသိအမှတ်ပြုကတ်ပြား) ယူဆောင်လာပါရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော Social/ Physical Distancing နှင့်အညီ ရှေ့နောက်၊ ဘေးတိုက်အကွာအဝေးများကို(၆)ပေအကွာအဝေးအတိုင်း လိုက်နာနိုင်ရန်နှင့် နေရာများအလိုက်တာဝန်ရှိသူများ၏ စီစဉ်ဆောင်ရွက်မှုကို ပူးပေါင်းပါဝင်ရန်။
- ကိုယ်အပူချိန်မြင့်ခြင်း(အပူချိန် ၃၈ ဒီဂရီစင်တီဂရိတ်/၁၀၀. ၄ ဒီဂရီဖာရင်ဟိုက်)၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းအပါအဝင် သံသယဖြစ်ဖွယ်လက္ခဏာများ စစ်ဆေးတွေ့ရှိရပါက သက်ဆိုင်ရာ၏အကြံပြုချက်အတိုင်း လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ စီစဉ်ဆောင်ရွက်ပေးမှုနှင့်အညီ လိုက်နာဆောင်ရွက်ရန်။
- အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)သို့လာရောက်လေ့လာသူများအနေဖြင့် တစ်ဦးနှင့် တစ်ဦး(၆)ပေခြား၍ စီတန်းပြီး ပြတိုက်အတွင်း ခွင့်ပြုသည့်အရေအတွက်အတိုင်း ဝင်ရောက်လေ့လာရန်နှင့် တစ်ဦးနှင့်တစ်ဦး(၆)ပေခြားဖြင့်သာ ပြန်လည်ထွက်ခွာရန်။
- ကျန်းမာရေးဝန်ကြီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသည့် ကိုဗစ်-၁၉ ဆိုင်ရာ ကျန်းမာရေးအသိပေးချက်၊ သတိပေးချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရန်။
- သက်ကြီးရွယ်အိုများ၊ နာတာရှည်ရောဂါရှိသူများအနေဖြင့် လုံးဝ(လုံးဝ)လာရောက်ခြင်းမပြုရန်။
- ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အသက်ရှူရခက်ခဲခြင်း၊ အားအင်ကုန်ခန်းခြင်းစသည့် ရောဂါလက္ခဏာများဖြစ်ပွားနေပါက လုံးဝ(လုံးဝ) လာရောက်ခြင်းမပြုရန်။

## အသိပေးနှိုးဆော်ချက်

၁။ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ(၁၉)ရက်နေ့တွင်ကျင်းပပြုလုပ်မည့် (၇၇)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်တွင်ကျင်းပပြုလုပ်မည်ဖြစ်ရာအခမ်းအနားကျင်းပမည့် နံနက် ၀၄၀၀ နာရီအချိန်မှ အခမ်းအနားပြီးဆုံးသည်အထိ အနောက်ရွှေဂုံတိုင်လမ်းအား ရေတာရှည်လမ်းဟောင်းမှလည်းကောင်း၊ ရွှေဂုံလမ်းအား ဓမ္မစေတီ-ရွှေဂုံလမ်းဆုံမှလည်းကောင်း၊ အာဇာနည်လမ်းအား အနောက်ရွှေဂုံတိုင်လမ်းမှ ဦးထောင်ဘိုလမ်းအထိလည်းကောင်း၊ ဦးဝိစာရလမ်းအား ဦးဝိစာရအဝိုင်းမှ ဦးဝိစာရ-ဓမ္မစေတီလမ်းဆုံအထိလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက် ဖွင့်လှစ်ပြသမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ နတ်မောက်လမ်းအား ဝင်္ကဘာလမ်းဆုံမှဖိုးစိန်လမ်းဆုံထိလည်းကောင်း၊ ဗိုလ်ချုပ်ပြတိုက်လမ်းအား ငါးထပ်ကြီးဘုရားလမ်းဆုံနှင့်စောမဟာလမ်းဆုံမှလည်းကောင်း၊ ဗိုလ်ချိုလမ်းအား ရွှေကြက်ယက်လမ်းနှင့်ဆုံရာမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အတွင်းဝန်ရုံးတွင် အလံတင်အခမ်းအနားကျင်းပမည့် ၁၉. ၇. ၂၀၂၄ ရက်နေ့ ၀၅၀၀ အချိန်မှ ၁၈၀၀ အချိန်အထိ သိမ်ဖြူလမ်းအား ဗိုလ်ချုပ်လမ်းဆုံမှ ကုန်သည်လမ်းဆုံအထိလည်းကောင်း၊ အနော်ရထာလမ်းအား ဗိုလ်မြတ်ထွန်းလမ်းဆုံမှလည်းကောင်း၊ မဟာဗန္ဓုလလမ်းအား ပန်းဆိုးတန်းလမ်းဆုံမှလည်းကောင်း၊ ဗိုလ်အောင်ကျော်လမ်းအား ကုန်သည်လမ်းဆုံမှလည်းကောင်း လမ်းပိတ်/လမ်းလွှဲဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ယာဉ်မောင်းသူပြည်သူများအနေဖြင့် အခမ်းအနားကျင်းပစဉ်လမ်းပိတ်/လမ်းလွှဲဆောင်ရွက်နေသည့်အချိန်များတွင် အခြားသင့်လျော်သောလမ်းများမှမောင်းနှင်သွားလာကြပါရန် ကြိုတင်အသိပေးနှိုးဆော်အပ်ပါသည်။

**ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့**

## ကပ်လှူပူဇော်


သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်စဉ်။







ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညိုစောနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်က ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွှေက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

☆ **စာမျက်နှာ ၁၇ မှအဆက်**

မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များက ဆရာတော်၊ သံဃာတော်များထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မစိုးရိမ်တိုက်သစ်ဆရာတော်ကြီးထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနား တက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်းသတင်းရရှိသည်။ (၁၀၀)

---

**နေပြည်တော် ဇူလိုင် ၁၆**

# ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အားကစားရုံ၌ ကျင်းပသည်။

ပြိုင်ပွဲသို့ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးမင်းဦး၊ ဦးဟန်သူ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှတာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါ ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို နေပြည်တော်ကောင်စီဝင် ဦးမင်းဦးက ဖွင့်လှစ်ပေးပြီး အုပ်စုပွဲစဉ်များ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် စားပွဲတင်တင်းနစ်ပြိုင်ပွဲကို ဇူလိုင်လ ၁၆ ရက်မှ ၁၈ ရက်အထိ နေပြည်တော်အားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ပြီး မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၀)





နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။



ဆရာတော်၊ သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။

☆ ရှေ့ဖုံးမှအဆက်

အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တ ဝါသေဋ္ဌာဘိဝံသတို့အမှူးပြုသော ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများအပါအဝင် ပင့်ဖိတ်ထားသည့်ဆရာတော်ကြီး ၂၇ ပါးကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ကောင်စီဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သာသနာ့မဟာဗိမာန်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကိုကပ်လှူပူဇော်သည်။

ယင်းနောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ်ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မင်းကျောင်းဆရာတော်ကြီးထံ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင် **စာမျက်နှာ ၁၅ သို့ ☆**



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန်စာသင်တိုက်၊ ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်၊ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် မဟာနာယက၊ ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းက နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်ဇနီးတို့က ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ဆရာတော်ထံ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၏ဇနီးက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 16

# State Administration Council of Republic of Union of Myanmar holds robe offering ceremony 2024





Senior General Min Aung Hlaing, Daw Kyu Kyu Hla and the congregation listen to the sermon by Sayadaws.

The Waso robe offering ceremony 2024 of the State Administration Council of the Republic of the Union of Myanmar took place at Sasana Maha Beikman in the precinct of Uppatasanti Pagoda in Nay Pyi Taw Council Area this morning, attended by Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing and wife Daw Kyu Kyu Hla, who offered Waso robes and alms.

Present to pay respects to 27 Sayadaws led by Ovadacariya Sayadaws of Uppatasanti Pagoda Board of Trustees led by Chairman of the State Sangha Maha Nayaka Committee Patron of Thanlyin Minkyaung Pathamapyan Sarthintaik in Thanlyin, Yangon Region, Sayadaw Agga Maha Pandita Agga Maha Saddhamma Jotikadhaja Dr Bhaddanta Candima Bhivamsa, and Secretary of SSMNC Patron of Masoeyein Taikthit, Mandalay, Sayadaw of Dhammathamiddhi Monastery Agga Maha Pandita Agga Maha Saddhamma Jotikadhaja Maha Dhamma Kathika Bahujana Hitadhara Bhaddanta Vasethabhivamsa were the Senior General and wife, Vice Chairman of SAC Deputy Prime Minister Vice-Senior General Soe Win, the Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union-level dignitaries, union ministers and wives, the Chairman of Nay Pyi Taw Council, senior military officers from the Office of the Commander-in-Chief and wives, the Commander of Nay Pyi Taw Command and officials.



Senior General Min Aung Hlaing and Daw Kyu Kyu Hla offer Waso robe and alms to the Thanlyin Minkyaung Sayadaw.




Senior General Min Aung Hlaing and Daw Kyu Kyu Hla offer meals to Sayadaws.

Firstly, the Senior General paid homage to the Buddha Image inside the Sasana Maha Beikman and offered meals in the emerald alms-bowl, fruits, flowers, water and oil lights to the Buddha Image.

Next, the congregation led by the Senior General and wife received the Five Precepts from the Thanlyin Minkyaung Sayadaw.

See Page - 21

TECHNOLOGY

# 35 rice mills operate with the use of gasifiers in Wakhema Township

There are 35 rice mills which have been operating with the use of gasifiers in Wakhema Township of Ayeyawady Region. By using the rice husk fuel gasifier at the mills, it can reduce the cost than running diesel generators and import of fuel from abroad.

Kyaw Swar ,Rice mill owner said "In the past, we were used the boiler engines and transformers for milling the rice, and there are a lot of disadvantages and out-dated techniques. So we are currently using the gasifier techniques to operate our rice mills. By using this technique, we have excessive rice husks and we can resell it as well as we can reduce the environmental damage."

There are about 412 businesses using rice husk gasifiers in Sagaing, Bago, Mandalay, Yangon and Ayeyawady Regions registered at the Directorate of Industrial Supervision and Inspection.

**SK**

ARCHEOLOGY

# Gubyaukgyi temple, worth preserving place



Gubyaukgyi temple, located at Bagan ancient cultural heritage site in NyaungU township of Mandalay Region, is a famous Buddhist temple built by Prince Yazakumar of Bagan dynasty in the early 13th century AD.

It is also a famous pilgrimage spot for Myanmar people where amazing ancient mural paintings, large array of frescoes, 28 Buddha images, floral paintings, the life of Buddha and 550 jātaka stories of Buddha can be studied with ink inscription.

There are sacred footprint of the Buddha and mural arts under the curvilinear roof of the entrance hall of Gubyaukgyi temple and also, 28 Buddha images, floral paintings, the life of Buddha and 550 jātaka stories of Buddha can be studied practically through inscription at the south and north walls of the entrance hall. On the western walls of the throne, there are paintings of 'Māra' demon king and his spirit warriors, and also floral designs, bird and leaves figurines on the arch of the vestibule.

At the Bagan UNESCO World Heritage site, Gubyaukgyi temple is one of the most significant and awe-inspiring archaeological place for domestic and foreign visitors, it's learnt.

**SMK**

INDUSTRY

# More than 12,000 medium-sized industries registered at home

The Ministry of Industry stated that more than 12,000 medium-sized industries are being registered at home.

Businesspersons in Myanmar are operating MSME industries depending on their businesses. Up to May 2024, the Industrial Supervision and Inspection Department under the Ministry of Industry allowed registration for 47,894 industries including 12,815 medium-sized industries.

These medium-sized industries are operating 14 kinds of businesses including foodstuffs, beverages, metal production and others.

A total of 5,853 industries manufacture foodstuffs, 842 industries beverages and 916 industries metal production.

The industry engaging electronic products is only one but 11 industries are producing machinery for transport.

The medium-sized industries are being operated by some 60-300 labourers with Ks-1,000 million of investment.

**SMK**

ELECTRICITY

# Paunglaung Dam to generate more electricity units in 2024-2025 FY

The Ministry of Agriculture, Livestock and Irrigation on 20 June stated that plans are underway to generate more electricity units from Paunglaung Dam which will be completed in 2024-2025 financial year.

The dam is located on Paunglaung River in Zeyathiri Township of Nay Pyi Taw. It was built on 1 February 1997, and inaugurated on 25 March 2005. It generates 911 million kilowatt hours per year.


The Hydropower Implementation Department under the Ministry of Electric Power coordinated to improve the spillway of the dam so as to store more volume of water for generating electricity.

So, the dam is installed with Hydraulic Elevator Dam which 140.5 metres long and 1.5 metres high. The dam can store 570,000 acre-feet of water, up from 549,000 acre-feet of water.

The dam can store some 21,000 acre-feet of water more than the original to generate 919 million kwh per year.

Thanks to the new project, the dam can add eight million kwh per year more than the original electricity units. Arrangements are being made to complete the project in 2024-2025 financial year.

**SK**




BUSINESS

# Butter bean marketable in Mandalay due to high demand at home and abroad

High demand from abroad help rise trading of butter bean in Mandalay market, said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Centre).

Foreign trade partners offer demands to purchase butter bean from Myanmar, shaking prices of butter bean in Mandalay market.

The secretary said: "Butter bean is one of the marketable commodities in Mandalay market. Now, demands from China are high to purchase butter bean in Mandalay."

On 25 June, butter bean fetched Ks-445,000 per three-basket bag in Mandalay market.

Butter bean is primarily grown in Magway, Sagaing, Mandalay, Yangon, Bago and Ayeyawady regions.

"Butter bean is in high trading in the domestic market. It is good potential for trading of butter bean in the future. It is expected to increase foreign trade partners to purchase larger volume of butter bean.

**SMK**

CHINA

# China's first all-electric propulsion communication satellite becomes fully operational

China's APStar-6E satellite is now fully operational after passing in-orbit and ground station technology tests.

The Asia-Pacifc-6E, or the APStar-6E, China's first all-electric propulsion communication satellite, has successfully passed in-orbit technology verification and ground station technology reviews in Hong Kong, which means the satellite has become fully operational after having successfully passed all in-orbit tests, according to spacecraft manufacturer China Great Wall Industry Corporation (CGWIC) on Monday.

As of Monday, all tests outlined in the in-orbit testing protocol were completed successfully. The payload of the APStar-6E is functioning normally, with performance consistent with ground test results, meeting contractual specifications and in-orbit operational requirements, the CGWIC told the Global Times on Monday in a statement.



China's first all-electric propulsion communication satellite becomes fully operational.

Both sets of Hall/Ion electric propulsion systems on the platform met the station-keeping requirements, read the statement.

By providing highly cost-effective, high-throughput broadband satellite resources, the APStar-6E will aid the development of the regional information industry and address the digital divide faced by developing areas, according to the CGWIC.

Developed by the China Academy of Spacecraft Technology using the DFH-3E satellite platform, the APStar-6E is the first satellite of its kind.

The APStar-6E is operated by Hong Kong-based APT Mobile Satcom Limited and managed by APT Satellite Company Limited. The APStar-6E focuses on the Southeast Asian market, providing high-capacity, cost-effective broadband communication services to the region.

**Sputnik**

RUSSIA

# Russian air defences take down Ukrainian Yak-52 jet, six ATACMS and 28 drones in major strike

Operational-tactical aviation, drones, missile troops, and artillery units of the Russian Armed Forces targeted Ukrainian personnel and equipment in 124 areas over the past day.

Russian air defence systems successfully intercepted a host of Ukrainian jets, missiles and drones over the past day, the Russian Ministry of Defence said on Tuesday.

"Air defence systems shot down: six US-made ATACMS operational-tactical missiles, two French-made Hammer guided bombs, seven US-made HIMARS rockets, 28 unmanned aerial vehicles, and a Ukrainian Yak-52 aircraft with a machine gun installation," the statement said.

Since the start of the special operation, 628 Ukrainian military aircraft, 277 helicopters, 27,650 UAVs, 552 anti-aircraft missile systems, 16,594 tanks and other armored combat vehicles, 1,378 MLRS combat vehicles, 11,982 field artillery and mortars, and 23,739 special military motor vehicles have been destroyed.

In a separate development, the Ukrainian Armed Forces lost over 500 soldiers in battles with Russia's Yug Battlegroup in the past 24 hours.

"The Ukrainian Armed Forces lost up to 560 servicepeople, one tank, two armored combat vehicles, three cars, three 152-mm D-20 guns, a 122-mm self-propelled artillery installation Gvozdika, three 122-mm D-30 howitzers, and three US-made 105-mm M119 howitzers," the ministry said.

Russia's Zapad Battlegroup repelled one Ukrainian counterattack, making Kiev lose 545 soldiers, while the Tsentr Battlegroup fought off six Ukrainian counterattacks in which Kiev lost up to 320 soldiers in battles, the ministry said.

Ukraine also lost up to 230 soldiers in battles with Russia's Sever Battlegroup, the ministry added.

**Sputnik**

UNITED STATES

# 4 new human cases of bird flu confirmed in U.S.

Four new human cases of highly pathogenic avian influenza, or bird flu, infection in the state of Colorado have been confirmed by the U.S. Centers for Disease Control and Prevention (CDC), bringing the total cases to nine since 2022.

The four presumptive-positive cases were reported by the state on Friday, and the CDC confirmed the infection on Sunday, according to a press release.

All new cases were in farm workers who were involved in the depopulation of poultry at a commercial egg facility experiencing an outbreak of highly pathogenic avian influenza H5N1 virus.

These workers reported symptoms after being exposed to infected poultry. The CDC said they reported "mild illness," including conjunctivitis and eye tearing, as well as fever, chills, coughing, sore throat and runny nose.

A CDC team is on the ground in Colorado, supporting the assessment of the poultry outbreak and associated human cases, said the CDC, adding that "these cases again underscore the risk of exposure to infected animals."

**Xinhua**

INDIA

# India seeking greater market access in Russia

The Indian government is in discussions with Russia on a potential easing of non-tariff trade barriers, with the goal of boosting exports to the country, Commerce Secretary Sunil Barthwal said on Monday.

The official told reporters that New Delhi wants to make trade with Russia more balanced. Last week, the leaders of both countries set a trade target of US$-100 billion by 2030. In 2023 the figure was US$-65 billion, of which only US$-5 billion were Indian exports to Russia. The bulk of bilateral transactions are Indian purchases of discounted Russian oil, coal and fertilisers.

"We are looking at various sets of commodities such as electronics, engineering goods and other items, where trade can be enhanced,"the commerce secretary was quoted by Business Standard as saying. He added that India is also eyeing sectors where Russia is under Western sanctions.



A worker walks near a cargo ship docked at Mundra Port, which is owned by India's Adani Group, in Mundra.

According to Barthwal, Indian exporters of marine products and pharmaceuticals "face issues" in Russia regarding certification, and New Delhi has conveyed its concerns to Moscow. He noted that another Indian delegation is likely to visit Russia soon.

During their summit in Moscow last week, Indian and Russian leaders Vladimir Putin and Narendra Modi discussed the need to expand and diversify economic cooperation. After the talks in the Kremlin, Putin's top economic adviser Maksim Oreshkin said that "suitable payment mechanisms" featured in the discussions.

The two sides have signed nine separate agreements, including deals on promoting cross-border investments, on trade and investment in the Russian Far East through 2029, and cooperation on climate change and low-carbon development.

**RT**

From Page - 18

The congregation meditated on Metta Sutta Paritta recited by Sayadaws.

Then, the Senior General and wife offered Waso robe and alms to the Thanlyin Minkyaung Sayadaw.

The Vice-Senior General offered Waso robe and alms to Masoeyein Taikthit Sayadaw.

The Secretary of SAC and wife, the Joint Secretary of SAC and wife, members of SAC and wives, union level dignitaries, offered Waso robes and alms to the Sayadaws respectively.

Masoeyein Taikthit Sayadaw delivered a sermon, and merits gained were shared. The ceremony came to a close after the three-time recitation of Buddha Sasanam Ciram Tittatu.

After the ceremony, the Senior General and wife and the attendees offered day meal to the monks.

**100**



Vice-Senior General Soe Win offers Waso robe and alms to the Masoeyein Taikthit Sayadaw.



A Sayadaw accepts Waso robe and alms.



A Sayadaw accepts Waso robe and alms.



A Sayadaw accepts Waso robe and alms.



A Sayadaw accepts Waso robe and alms.

BUSINESS

# Snowpea produced from hilly regions marketable in Mandalay

Snowpea from hilly regions flow into Thiri Marlar green grocery market in Aungmyethazan District of Mandalay with high trading, said U Aung Moe Naing, owner of Aung brokerage in Mandalay.

Currently, 3-4 truckloads of Snowpea flow into Mandalay market on a daily basis.

“Snowpea is produced by hilly regions, and the stock flows into Mandalay market daily. Sown acreage of Snowpea is lesser and lesser but trading of pea is high. Other vegetables such as tomato, cabbage, potato, mustard, carrot, long bean, bitter gourd, white mustard, reddish and onion are in high trading,” he explained.

Farmers from hilly regions focus on cultivation of snowpea. At present, Thiri Marlar green grocery market is open from 4 am to 8 pm daily. **SK**

BUSINESS

# Wheat from Shan State flows into Mandalay market

“Wheat produced from Shan State flows into Mandalay market, fetching good prices,”said U Set Maung Swe, secretary of Brokers, Merchants and Millers Maha Kahteintaw Association (Mandalay Commodity Centre).

“Quality wheat from Shan State enters Mandalay Region again. Demand is high in Mandalay market to purchase wheat,” he added.

“Wheat which flowed into Mandalay market is high demand from merchants of Mandalay market, Taunggyi and other cities. So, trading of wheat is booming again in Mandalay,” he continued.

Merchants from various townships and abroad offer to purchase wheat from Shan State in Mandalay market. **SK**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

BUSINESS

# လူတူစက်ရုပ်များကြောင့် တရုတ်နိုင်ငံ၏စီးပွားရေးပိုမိုတိုးတက်လာ




တရုတ်နိုင်ငံ၌ ကုန်ထုတ်လုပ်မှုနှင့်စက်မှုလုပ်ငန်းများတွင် လူတူစက်ရုပ်များကို အသုံးပြုလာခြင်းကြောင့် တရုတ်နိုင်ငံ၏ စီးပွားရေးပိုမိုတိုးတက်လာလျက်ရှိသည်။

ဥပမာအားဖြင့် မော်တော်ကားထုတ်လုပ်သည့်စက်ရုံတစ်ခုတွင် ငွေရောင်လူတူစက်ရုပ်များက မော်တော်ကားထုတ်လုပ်တပ်ဆင်ရေးလိုင်းများတစ်လျှောက် အပြန်ပြန်အလှန်လှန်သွားလာပြီး ယခင်ကလူသားများဖြင့် လုပ်ဆောင်ခဲ့ရသောလုပ်ငန်းများကို လုပ်ဆောင်နိုင်နေသည်ကိုတွေ့ရသည်။

ထိုလုပ်ငန်းများတွင် ကားများကိုစကန်ဖတ်ခြင်းမှသည် လုံခြုံရေးခါးပတ်စစ်ဆေးမှုနှင့် မော်တော်ယာဉ်များပေါ်တွင် တံဆိပ်များကပ်ခြင်းတို့အထိပါဝင်သည်။

ရှန်းကျန့်မြို့အခြေစိုက် စက်ရုပ်ကုမ္ပဏီတစ်ခုဖြစ်သော UBTECH နှင့် လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်သော NIO တို့ အတူပူးပေါင်းဆောင်ရွက်ခြင်းကြောင့် တရုတ်နိုင်ငံ၏ လူတူစက်ရုပ်လုပ်ငန်းတွင် တိုးတက်မှုများလျင်မြန်စွာရရှိလာခြင်းဖြစ်သည်။

ယခုလအစောပိုင်းကလည်း UBTECH ကုမ္ပဏီသည် FAW-Volkswagen ဖက်စပ်လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီနှင့်ပူးပေါင်းကာ လူဖြင့်လုပ်ဆောင်မှုမပါဝင်သော ကားထုတ်လုပ်ရေးစက်ရုံတစ်ခုကို တည်ဆောက်သွားမည်ဟု ထုတ်ပြန်ကြေညာထားသည်။

ထို့ကြောင့် ယခုအခါတွင် လူတူစက်ရုပ်များသည် မော်တော်ကားထုတ်လုပ်ရေး၊ ကွန်ပျူတာလုပ်ငန်း၊ ဆက်သွယ်ရေးနှင့် အီလက်ထရွန်နစ်လုပ်ငန်းတို့အပါအဝင် ထုတ်လုပ်ရေးလုပ်ငန်းရှိ အရေးပါသောကဏ္ဍများသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း UBTECH ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌက ပြောသည်။

တရုတ်နိုင်ငံ၏ လူတူစက်ရုပ်လုပ်ငန်းဈေးကွက်တန်ဖိုးသည် ယခုနှစ်အတွင်း ယွမ် ၂ ဒသမ ၇၆ ဘီလီယံနှင့် ၂၀၂၉ ခုနှစ်အရောက်တွင် ယွမ် ၇၅ ဘီလီယံအထိရှိလာမည်ဟု တရုတ်လူတူစက်ရုပ်လုပ်ငန်း ပထမအကြိမ်ညီလာခံက ခန့်မှန်းထားသည်။

*Ref: Xinhua*

*K.H*

# ထိုင်းနိုင်ငံက နိုင်ငံနှင့်ဒေသ ၉၃ ခုအား ရက် ၆၀ ဗီဇာကင်းလွတ်ခွင့်ပေး



ထိုင်းနိုင်ငံအစိုးရက နိုင်ငံနှင့်ဒေသ ၉၃ ခုအား ရက် ၆၀ ဗီဇာကင်းလွတ်ခွင့်ပေးသည့် အစီအစဉ်တစ်ရပ်ကို ချက်ချင်းအကောင်အထည်ဖော်လိုက်သည်။

အဆိုပါအစီအစဉ်အတွက် အကျုံးဝင်သည့်နိုင်ငံများနှင့် ဒေသများစာရင်းကို Royal Gazette က ဇူလိုင်လ ၁၅ ရက်ညပိုင်းတွင် ထုတ်ပြန်လိုက်ခြင်းဖြစ်ပြီး ထိုသို့ထုတ်ပြန်ပြီးသည်နှင့် တစ်ပြိုင်နက် အစီအစဉ်ကချက်ချင်းအသက်ဝင်ကြောင်း ဖော်ပြထားသည်။

ထိုအစီအစဉ်အရ ထုတ်ပြန်ချက်တွင်ပါရှိသည့်နိုင်ငံနှင့်ဒေသ ၉၃ ခုမှ ပတ်စပို့ကိုင်ဆောင်သူများသည် ထိုင်းနိုင်ငံအတွင်း ဗီဇာမလိုဘဲ ရက်ပေါင်း ၆၀ ကြာနေထိုင်ခွင့်ရှိပြီးလိုအပ်ပါက နောက်ထပ်ရက်ပေါင်း ၃၀ ကို ဗီဇာကင်းလွတ်ခွင့်ရရန် ထပ်မံလျှောက်ထားနိုင်သည်။

ထိုင်းနိုင်ငံသည် ယခင်က နိုင်ငံပေါင်း ၅၇ နိုင်ငံကိုသာ ဗီဇာကင်းလွတ်ခွင့်ပြုထားခြင်းဖြစ်ပြီး ယခုအခါ နိုင်ငံ၏စီးပွားရေးကို တစ်ဖက်တစ်လမ်းမှအထောက်အကူပြုနိုင်စေရေးအတွက် ဗီဇာကင်းလွတ်ခွင့်ပြုသည့် နိုင်ငံများကို တိုးမြှင့်ပေးလိုက်ခြင်းဖြစ်သည်။

*Ref: BP*

*K.H*

# ဒေါ်နယ်ထရမ့်၏ မီဒီယာကုမ္ပဏီရှယ်ယာများထိုးတက်

ပြီးခဲ့သည့်သီတင်းပတ်တွင် အမေရိကန်သမ္မတဟောင်းဒေါ်နယ်ထရမ့်သည် လုပ်ကြံရန်ကြိုးပမ်းခံရမှုမှလွတ်မြောက်ပြီးနောက် ဇူလိုင်လ ၁၅ ရက်တွင် ၎င်း၏မီဒီယာကုမ္ပဏီရှယ်ယာများထိုးတက်သွားသည်။

Trump Media & Technology Group Corp အမည်ရှိ ထရမ့်၏မီဒီယာကုမ္ပဏီရှယ်ယာတန်ဖိုးမှာ ဇွန်လ ၁၂ ရက်နောက်ပိုင်း အမြင့်ဆုံးအဖြစ် ၃၁ ရာခိုင်နှုန်းသို့ မြင့်တက်လာသည်။

ထရမ့်မီဒီယာကုမ္ပဏီသည် မတ်လတွင် စတော့ဈေးကွက်၌စတင်ထွက်ပေါ်လာခြင်းဖြစ်ပြီး ထိုစဉ်ကဒေါ်နယ်ထရမ့်နှင့်ဂျိုးဘိုင်ဒင်တို့ကြား သမ္မတရွေးကောက်ပွဲယှဉ်ပြိုင်မှုအတွက် ကြိုးပမ်းနေကြသည့်အချိန်ဖြစ်သောကြောင့် ရင်းနှီးမြှုပ်နှံသူများက ထိုကုမ္ပဏီအပေါ်စိတ်ဝင်စားမှုနည်းပါးခဲ့ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်သည် ၂၀၂၁ ခုနှစ်လွှတ်တော်အဓိကရုဏ်းဖြစ်ပွားပြီးနောက် နာမည်ကျော်လူမှုကွန်ရက်များက ၎င်း၏အကောင့်များကို ပိတ်လိုက်သည့်အတွက် ကိုယ်ပိုင်မီဒီယာကုမ္ပဏီထောင်ပြီး Truth Social အမည်ရှိ မီဒီယာပလက်ဖောင်းတစ်ခုကို လည်ပတ်လာခြင်းဖြစ်သည်။

ယခုအခါ နိုဝင်ဘာလတွင်ကျင်းပမည့် အမေရိကန်သမ္မတရွေးကောက်ပွဲ၌ ဒေါ်နယ်ထရမ့်အနိုင်ရသည့်အခြေအနေများရှိလာခြင်းကြောင့် ထရမ့်မီဒီယာကုမ္ပဏီ၏ရှယ်ယာများမြင့်တက်လာခြင်းဖြစ်ကြောင်း Sevens Report သုတေသနကုမ္ပဏီဥက္ကဋ္ဌက ပြောထားသည်။

*Ref: BP*

*K.H*

SPACE

# တရုတ်က ကမ္ဘာဂြိုဟ်ကာကွယ်ရေး အစီအစဉ်ကိုရက်ရွှေ့ဆိုင်း

တရုတ်နိုင်ငံက ကမ္ဘာဂြိုဟ်ကာကွယ်ရေးအစီအစဉ်အတွက် အာကာသယာဉ်လွှတ်တင်မည့်ရက်ကို ရွှေ့ဆိုင်းလိုက်ပြီး ၂၀၂၇ ခုနှစ်မှသာ ထိုအစီအစဉ်ကို အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

မူလက ၂၀၂၅ ခုနှစ်တွင် အာကာသယာဉ်တစ်စင်းကိုလွှတ်တင်ပြီး အသေးစားဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုနှင့်ဝင်တိုက်စေကာ အခြားအာကာသယာဉ်တစ်စင်းဖြင့် ထိခိုက်မှုရလဒ်ကိုလေ့လာသွားရန်စီစဉ်ထားခြင်းဖြစ်သည်။


ယခုအခါ အဆိုပါအစီအစဉ်ကို ၂၀၂၇ ခုနှစ်မှသာလုပ်ဆောင်သွားမည်ဖြစ်သည့်အပြင် ဝင်တိုက်မည့်ဂြိုဟ်သိမ်ဂြိုဟ်မွှားကိုလည်း မူလနှင့်မတူသည့် အခြားဂြိုဟ်သိမ်ဂြိုဟ်မွှားတစ်ခုကိုရွေးချယ်လိုက်သည်။

ထို့ပြင် ယင်းအစီအစဉ်အတွက် အာကာသယာဉ်နှစ်စင်းစလုံးကို တစ်ပြိုင်နက်တည်း လွှတ်တင်သွားမည်ဖြစ်ပြီး လေ့လာစောင့်ကြည့်ရေးအာကာသယာဉ်က သောကြာဂြိုဟ်အနီးမှဖြတ်သန်းသွားပြီးနောက် ၂၀၂၉ ခုနှစ် အစောပိုင်းတွင် ဝင်တိုက်မည့် ဂြိုဟ်သိမ်ဂြိုဟ်မွှားအနီးသို့ ရောက်ရှိမည်ဖြစ်သည်။

၂၀၂၉ ခုနှစ် ဧပြီလတွင်မူ ဝင်တိုက်မည့် အာကာသယာဉ်သည် အမြန်နှုန်းတစ်စက္ကန့်လျှင် ၁၀ ကီလိုမီတာနှုန်းဖြင့် ကြိုတင်သတ်မှတ်ထားသော ဂြိုဟ်သိမ်ဂြိုဟ်မွှားကို ဝင်တိုက်သွားမည်ဖြစ်သည်။ ယင်းအချိန်တွင် အဆိုပါဂြိုဟ်သိမ်ဂြိုဟ်မွှားသည် ကမ္ဘာမှ ကီလိုမီတာ ၇ သန်းအကွာတွင်ရှိနေမည်ဖြစ်သည်။

*Ref: Space News*

*K.H*



# လပေါ်တွင် အာကာသယာဉ်မှူးများနေနိုင်မည့် လိုဏ်ဂူတစ်ခုရှိ

လပေါ်တွင် အနာဂတ်အာကာသယာဉ်မှူးများနေနိုင်မည့် လိုဏ်ဂူတစ်ခုရှိကြောင်းနှင့်ထိုလိုဏ်ဂူသည် လွန်ခဲ့သော ၅၅ နှစ်က နေးအမ်းစထရောင်းနှင့် ဘတ်အယ်ဒရင်းတို့ဆင်းသက်ရာနေရာအနီးတွင်ရှိကြောင်း သိပ္ပံပညာရှင်များက အတည်ပြုလိုက်သည်။

ထို့ပြင် နောက်ထပ်လိုဏ်ဂူရာပေါင်းများစွာသည်လည်း ယင်းနှင့်မနီးမဝေးတွင် ထပ်ရှိနိုင်သေးသည်ဟု သိပ္ပံပညာရှင်များက ခန့်မှန်းထားသည်။

အာကာသယာဉ်မှူးများနေနိုင်မည့် လိုဏ်ဂူသည် Apollo 11 ဆင်းသက်ရာနေရာမှ မိုင် ၂၅၀ ခန့်အကွာ Sea of Tranquility ၌ တည်ရှိနေခြင်းဖြစ်သည်။

အဆိုပါလိုဏ်ဂူသည် ချော်ရည်စီးကြောင်းပျက်စီးမှုကြောင့်ဖြစ်ပေါ်လာသည့် လိုဏ်ဂူဖြစ်နိုင်ကြောင်း NASA ၏ လလေ့လာရေးအာကာသယာဉ်မှပေးပို့သော ရေဒါအချက်အလက်များကို ပညာရှင်များကသုံးသပ်၍ အတည်ပြုလိုက်ခြင်းဖြစ်သည်။

ရေဒါအချက်အလက်များအရ ထိုလိုဏ်ဂူသည် အကျယ်အားဖြင့် အနည်းဆုံး ပေ ၁၃၀ ခန့်ရှိကာအရှည်မှာကိုက်ပေါင်းများစွာရှိနိုင်သည်ဟုသိရသည်။

*Ref: Phys*

*K.H*



ဘရုပ်ဆဲ၊ နိုင်ငံရေး

# ဒေါ်နယ်ထရမ့်က ဂျေဒီဗန့်ကိုမိတ်ဖက်အဖြစ်ရွေးချယ်မှု ယူကရိန်းအတွက်ကပ်ဆိုက်မှုဖြစ်



ဒေါ်နယ်ထရမ့်က ဂျိမ်းဒေးဗစ်ဗန့်(ဂျေဒီဗန့်)ကို ဒုတိယသမ္မတကိုယ်စားလှယ်လောင်းအဖြစ်ရွေးချယ်လိုက်မှုသည် ယူကရိန်းအတွက်ကပ်ဆိုက်မှုဖြစ်ကြောင်း ဥရောပသမဂ္ဂ အကြီးတန်းအရာရှိတစ်ဦးက ပြောသည်ဟု Politico သတင်းဌာနက ဇူလိုင်လ ၁၆ ရက်တွင် ဖော်ပြထားသည်။

ဒေါ်နယ်ထရမ့်သည် ဇူလိုင်လ ၁၅ ရက်တွင်ကျင်းပသော ရီပတ်ဘလစ်ကန်ပါတီ၏ သမ္မတကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းပွဲသို့တက်ရောက်လာပြီး ရွေးကောက်ပွဲတွင် ၎င်းနှင့်အတူပါဝင်ယှဉ်ပြိုင်မည့် မိတ်ဖက်အဖြစ် ဂျေဒီဗန့်ကိုရွေးချယ်လိုက်ခြင်းဖြစ်သည်။

အဆိုပါပွဲတွင် ရီပတ်ဘလစ်ကန်ပါတီက ၎င်းတို့၏ တရားဝင်သမ္မတကိုယ်စားလှယ်လောင်းအဖြစ် ဒေါ်နယ်ထရမ့်ကိုရွေးချယ်လိုက်ခြင်းဖြစ်သည်။

ဒေါ်နယ်ထရမ့်အနေဖြင့် ပြီးခဲ့သည့် ရက်ပိုင်းတွင် ပစ်ခတ်လုပ်ကြံရန်ကြိုးပမ်းခံရမှုမှ သီသီလေးလွတ်မြောက်လာပြီးနောက် ပစ်ခတ်ခံရမှုတွင်ရရှိသည့် နားရွက်ဒဏ်ရာကိုပတ်တီးစည်းကာ လူမြင်ကွင်းသို့ ပထမဆုံးအကြိမ် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဂျေဒီဗန့်သည် လက်ရှိအမေရိကန်အစိုးရက ယူကရိန်းအပေါ် ဒေါ်လာဘီလီယံပေါင်းများစွာထောက်ပံ့ပေးနေမှုများကို အပြစ်တင်ဝေဖန်ထားသူဖြစ်ပြီး ရုရှားနှင့်ဆွေးနွေးမှုများလုပ်ရန် တောင်းဆိုထားသူဖြစ်သည်။

ထို့ပြင် ယူကရိန်းအနေဖြင့် ၁၉၉၁ ခုနှစ်တွင်ရှိဖူးသော နယ်စပ်မျဉ်းများအတိုင်းပြန်လည်ရရှိရေးကြိုးပမ်းမှုမှာ လက်တွေ့မဆန်ကြောင်း ဂျေဒီဗန့်ကပြောထားသည်။

အလားတူ ယူကရိန်းနိုင်ငံအနေဖြင့် လက်ရှိရင်ဆိုင်နေရသော ပဋိပက္ခများကို ဖြေရှင်းရေးအတွက် ဆွေးနွေးမှုများမဖြစ်မနေလုပ်ဆောင်ရန်လိုအပ်သည်ဟု ဂျေဒီဗန့်ကယုံကြည်ထားသည်။ ***Ref: Sputnik***

နယူးဒေလီ၊ သံတမန်ရေး

# မိုဒီအပေါ် ဇီလန်စကီ၏မှတ်ချက်ပြုစကားကို အိန္ဒိယက ယူကရိန်းသံအမတ် ဆင့်ခေါ်ကန့်ကွက်



ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီအပေါ် ယူကရိန်းသမ္မတ ဇီလန်စကီ၏ မှတ်ချက်ပြုစကားနှင့်ပတ်သက်၍ အိန္ဒိယအစိုးရက ယူကရိန်းသံအမတ်ကိုဆင့်ခေါ်ကာ တရားဝင်ကန့်ကွက်လိုက်ကြောင်းသိရသည်။

အိန္ဒိယဝန်ကြီးချုပ်နှင့် ရုရှားသမ္မတတို့၏ တွေ့ဆုံမှုသည် ငြိမ်းချမ်းရေးဆောင်ရွက်ချက်ကို အကြီးအကျယ်ပျက်စီးစေသည်ဟု ဇီလန်စကီက ပြောခြင်းဖြစ်သည်။

ထို့နောက် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးဌာနက နယူးဒေလီမြို့ရှိ အိန္ဒိယနိုင်ငံဆိုင်ရာ ယူကရိန်းသံအမတ်ကိုဆင့်ခေါ်၍ တရားဝင်ကန့်ကွက်လိုက်ခြင်းဖြစ်သည်ဟု သတင်းအရင်းအမြစ်များ၏ ပြောဆိုချက်ကို ကိုးကား၍ The Economic Times သတင်းစာက ဇူလိုင်လ ၁၅ ရက်တွင် ဖော်ပြထားသည်။

ထို့ပြင် အိန္ဒိယအစိုးရက ယူကရိန်းအစိုးရနှင့် နှစ်နိုင်ငံကြားကျင်းပမည့် ယဉ်ကျေးမှုဆိုင်ရာ အလုပ်သဘောအစည်းအဝေးကိုလည်း ရွှေ့ဆိုင်းလိုက်သည်။

မိုဒီသည် ပြီးခဲ့သည့်သီတင်းပတ်တွင် ရုရှားနိုင်ငံသို့သွားရောက်၍ သမ္မတ ဗလာဒီမာပူတင်နှင့်တွေ့ဆုံပြီး ယူကရိန်းပဋိပက္ခပြေလည်ရေးအပါအဝင် ကိစ္စများစွာကို ဆွေးနွေးခဲ့ကြောင်း သိရသည်။ ***Ref: Sputnik***

ကဘူး၊ သဘာဝဘေး

# အာဖဂန်နစ္စတန်၌ မိုးသက်မုန်တိုင်းများတိုက်ခတ်မှုကြောင့် သေဆုံးသူအယောက် ၄၀ အထိမြင့်တက်

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂါဟာပြည်နယ်၌ မိုးသက်မုန်တိုင်းများတိုက်ခတ်ပြီး ရေလွှမ်းမိုးမှုကြောင့် သေဆုံးသူအယောက် ၄၀ အထိမြင့်တက်လာပြီဖြစ်ကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနက ဇူလိုင်လ ၁၆ ရက်တွင် ထုတ်ပြန်ထားသည်။

ထို့ပြင် ဒဏ်ရာရရှိသူ ၃၄၇ ဦးအထိရှိလာပြီဖြစ်ကြောင်းနှင့် ထိုသူများကို ကုသမှုပေးနိုင်ရန် ကျန်းမာရေးဝန်ထမ်းများကို စေလွှတ်ထားကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူကပြောသည်။

အဆိုပါသဘာဝဘေးသည် ဇူလိုင်လ ၁၅ ရက်မွန်းလွဲပိုင်းတွင် ရုတ်တရက်ဖြစ်ပေါ်လာခြင်းဖြစ်ပြီး ပြည်နယ်၏မြို့တော်ဖြစ်သော ဂျာလာလာဘတ်မြို့နှင့် အနီးဝန်းကျင်၌ သေဆုံးဒဏ်ရာရမှုများနှင့် ငွေကြေးအရဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေသည်။

အလားတူ နိုင်ငံအရှေ့ပိုင်း ကူနာပြည်နယ်တွင်လည်း အဆိုပါမိုးသက်မုန်တိုင်းများတိုက်ခတ်မှုကြောင့် ရေကြီးမှုနှင့်အတူမျောပါသွားသူငါးဦးရှိကြောင်း တာဝန်ရှိသူများကပြောသည်။

ယခုအခါ အာဖဂန်နစ္စတန်နိုင်ငံ၌ မေလနောက်ပိုင်း မိုးသည်းထန်စွာရွာသွန်းမှုများ၊ ရေလွှမ်းမိုးမှုများကြောင့် လူ ၄၀၀ ကျော်သေဆုံးပြီး လူထောင်ပေါင်းများစွာမှာ အိုးမဲ့အိမ်မဲ့များဖြစ်ရကြောင်း သိရသည်။ ***Ref: Xinhua***

ဆိုး၊ စစ်ရေး

# တောင်ကိုရီးယားက အမေရိကန်နှင့်ပူးပေါင်း၍ နျူကလီးယားစစ်ဆင်ရေး ဇာတ်တိုက်လေ့ကျင့်မည်

တောင်ကိုရီးယားနိုင်ငံက အမေရိကန်နိုင်ငံနှင့်ပူးပေါင်း၍ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယားစစ်ဆင်ရေး ဇာတ်တိုက်လေ့ကျင့်မည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံးက ထုတ်ပြန်ထားသည်။

အဆိုပါ ဇာတ်တိုက်လေ့ကျင့်မှုတွင် နျူကလီးယားတပ်ဖွဲ့ စီမံခန့်ခွဲမှုကိုလည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

ယခုကဲ့သို့ ဇာတ်တိုက်လေ့ကျင့်မှုလုပ်ခြင်းသည် တောင်ကိုရီးယား-အမေရိကန် ပူးပေါင်း၍ ကိုရီးယားကျွန်းဆွယ်၌ နျူကလီးယား အဟန့်အတားနှင့် နျူကလီးယားစစ်ဆင်ရေးများအတွက် လမ်းညွှန်ချက်များကို ထိရောက်မှုရှိစွာအကောင်အထည်ဖော်နိုင်ရေးဖြစ်သည်။

ထိုလမ်းညွှန်ချက်များကို တောင်ကိုရီးယားနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနများမှတာဝန်ရှိသူများက ပြီးခဲ့သည့်သီတင်းပတ်တွင် အမေရိကန်နိုင်ငံ၌လုပ်ဆောင်သည့် NATO တပ်ဖွဲ့ ထိပ်သီးညီလာခံဘေးပန်းတွေ့ဆုံမှုတွင် လက်မှတ်ထိုးလိုက်ခြင်းဖြစ်သည်။

ထို့ပြင် နောက်ထပ်လိုအပ်သော လေ့ကျင့်မှုများကိုလည်း နှစ်နိုင်ငံကြား နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ရေးလေ့ကျင့်ခန်းများတွင် ထည့်သွင်းလေ့ကျင့်သွားမည်ဖြစ်ကြောင်း တောင်ကိုရီးယားသမ္မတရုံး၏ ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။



အလားတူ တောင်ကိုရီးယား နိုင်ငံတော်လုံခြုံရေးရုံးဥက္ကဋ္ဌက ကြီးမှူးဆောင်ရွက်သည့်အစည်းအဝေးတွင် ပါဝင်တက်ရောက်သည့် တာဝန်ရှိသူများက နျူကလီးယားအင်အား၊ စွမ်းအင်၊ ကာကွယ်ရေးစက်မှုလုပ်ငန်းအပါအဝင် အခြားသောနယ်ပယ်များ၌ NATO အဖွဲ့ဝင်နိုင်ငံများနှင့် ရရှိထားသည့် သဘောတူညီချက်များကို ချက်ချင်းအကောင်အထည်ဖော်ရန် သဘောတူကြကြောင်း သိရသည်။ ***Ref: Sputnik***

နေပြည်တော် ဇူလိုင် ၁၆

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်နှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



ရန်ကုန်တိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။





ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၈ ရက်၊ ၉ ရက်နှင့် ၁၃ ရက်**တို့တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံ-လှိုင်းဘွဲ့ ကားလမ်း၊ မဲဘောင်ဈေးအနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် စားသောက်ကုန် Tapioca Balls (၁၇၈)ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၆၀၀)ကိုလည်းကောင်း၊ မြိုင်ကြီးငူ-ရွှေဂွန်း-ဘားအံကားလမ်း၊ ထီဖိုးကလုံကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ (၁၃၉၆)ပုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၅၁၂၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ သံလွင်တံတားပူးပေါင်းစစ်ဆေးရေးဂိတ် (တရုတ်လှကျေးရွာဘက်ခြမ်း)၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် Lenovo Laptop Computer (Used) အလုံး (၄၀) အပါအဝင် ကုန်ပစ္စည်း (၂) မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် King Long Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၃၅၃၆၆၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၅ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အင်းစိန်မြို့နယ်၊ မီးရထားဝင်းအနီး၌ လိုင်စင်မဲ့ Toyota Mark II မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀)ကိုလည်းကောင်း၊ ရွှေပြည်သာမြို့နယ်၊ ပုလဲမီးပွိုင့်အနီး၌ လိုင်စင်မဲ့ Suzuki Wagon မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၁၅ ရက်**တွင် တနင်္သာရီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင်နှင့် ထားဝယ်ခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်များဖြစ်သည့် Honda Fit (၅)စီး၊ Toyota Mark X (၃)စီး၊ Toyota Crown (၂)စီး၊ Nissan Wingroad (၂)စီး၊ Nissan AD Van (၂)စီး၊ Toyota Wish (၂)စီး၊ Daihatsu (၂)စီး၊ Caldina (၁)စီး၊ Honda Insight (၁)စီး၊ Honda CRV (၁)စီး၊ Toyota Probox (၁)စီး၊ Isuzu D-Max (၁)စီး စုစုပေါင်း မော်တော်ယာဉ် (၂၃)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၁၅၀၀၀၀၀) ကိုလည်းကောင်း၊ ကော့သောင်းခရိုင်အတွင်း၌ လိုင်စင်မဲ့ Honda Click မော်တော်ဆိုင်ကယ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဇူလိုင်လ ၁၆ ရက်**တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ပုသိမ်မြို့နယ်၊ ကမ်းနားလမ်း၌ ရေယာဉ်(၁)စင်းပေါ်မှ တရားမဝင်စက်သုံးဆီ ဒီဇယ်ဆီ (၂၁၁၅)ဂါလန်၊ ဓာတ်ဆီ (၁၁၂၅)ဂါလန်၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၅၁၃၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၈ ရက်၊ ၉ ရက်၊ ၁၃ ရက်၊ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၃၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၃၅၄၉၆၀၀)**ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

---

**⏭ ကျောဖုံးမှအဆက်**

ရပ်ကွက်ကြီး(၁၄)၊ မြို့ရှောင်လမ်း၌ မောင်ငယ်(ခ)ကျော်ကြီးကို ၁၈ ဘီး



မင်းဇော်

တွဲယာဉ်တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၂၅ သန်းနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီးရမိခဲ့သဖြင့် စုစုပေါင်း ဒေသကာလတန်ဖိုး ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း သိမ်းဆည်းရမိခဲ့ကြောင်း၊



မင်းကို

စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားရှိပြီးကွင်းဆက်ပြစ်မှုကျူးလွန်



မောင်ငယ်(ခ)ကျော်ကြီး

သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

နေပြည်တော် ဇူလိုင် ၁၆

## တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိ

တာချီလိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၇၅၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၅ ရက် ညနေ ၄ နာရီခွဲတွင် တာချီလိတ်မြို့နယ်၊ မိုင်းကိုးကျေးရွာအုပ်စု၊ ပန်ဟတ်ကျေးရွာအနီးတွင် အိုင်အဲန်ကျောက် မောင်းနှင်ပြီး အိုက်ခမ်းကွမ် လိုက်ပါလာသည့် MITSUBISHI OUTLANDER မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အိုက်အဲန်ကျောက် ၂၇ နှစ်နှင့် အိုက်ခမ်းကွမ် ၂၀ နှစ်တို့ကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



အိုက်အဲန်ကျောက်နှင့်အိုက်ခမ်းကွမ်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

---

**❍ Max Energy**

MFF Futsal Stadium တွင် 7Brother FC အသင်းနှင့် Marga FC အသင်းတို့ ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ 7 Brother FCအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့သည်။

ဆက်လက်ပြီး ညနေ ၃နာရီ ၁၅မိနစ်တွင် Sar Bal Gyi FC အသင်းနှင့် RPG FC အသင်းတို့ကစားခဲ့ရာ RPG FC အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့်ဖိအားပေးကစားနိုင်ခဲ့ကာ ၄ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့သည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ဗိုလ်လုပွဲအဆင့် တက်ရောက်နိုင်ခဲ့ကြသည့် 7 Brother FC အသင်းနှင့် RPG FCအသင်းတို့သည် လာမည့် မြန်မာဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို တိုက်ရိုက်ဝင်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

**စည်သူအောင်**

နေပြည်တော် ဇူလိုင် ၁၆

# မြစ်ရေကြီးမှုအခြေအနေ

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မန္တလေးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေ၀က်ခန့် (၁၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃၆ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မြင်းမူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၅ ပေခန့် (၁၅၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ချောက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခွဲခန့် (၄၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၃ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေကျော်ခန့် (၃၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခွဲခန့် (၁၀၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသ်ာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေကျော်ခန့် (၆၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့တွင် ၁၃၁၉ စင်တီမီတာသို့ ရောက်ရှိနေပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာအောက်သို့ ၁ ပေခွဲခန့် (၄၁ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဟုမ္မလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၃ ပေခန့် (၉၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခွဲခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေကျော်ခန့် (၁၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၆ ပေကျော်ခန့် (၁၈၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကလေးဝမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မင်းကင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၄ ပေခန့် (၁၂၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် မုံရွာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၂ ပေခွဲခန့် (၇၂ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ဒုဋ္ဌဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ ပေခန့် (၂၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၂ ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

**ငဝန်မြစ်နှင့်တိုးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေ၀က်ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေ၀က်ကျော်ခန့် (၂၁ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ စစ်ကိုင်းမြို့နယ်၊ မြင်းမူမြို့နယ်၊ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ချောက်မြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ပြည်မြို့နယ်၊ ဟသ်ာတမြို့နယ်၊ ဇလွန်မြို့နယ်၊ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ဖောင်းပြင်မြို့နယ်၊ မော်လိုက်မြို့နယ်၊ ကလေးဝမြို့နယ်၊ မင်းကင်းမြို့နယ်၊ မုံရွာမြို့နယ်၊ မန္တလေးမြို့၊ ဆိပ်သာမြို့၊ မြစ်ငယ်မြို့၊ ငါးသိုင်းချောင်းမြို့နှင့်မအူပင်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

(မိုး/ဇလ)

---

နေပြည်တော် ဇူလိုင် ၁၆

# ဂန့်ဂေါမြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် ပြည်သူ ၂ ဦး သေဆုံးပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန်ရေးသားဖြန့်ဝေ

မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်တွင် ဇူလိုင်လ ၁၃ ရက်နေ့က လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီးဖြင့်ပစ်ခတ်မှုကြောင့် လာပို့ကျေးရွာမှ ပြည်သူ ၂ ဦး သေဆုံးခဲ့ပြီး ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တစ်ဖက်သတ်စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။







ဖြစ်စဉ်အမှန်မှာ ဇူလိုင်လ ၁၃ ရက်နေ့ နံနက် ၁၀ နာရီအချိန်ခန့်က လာပို့ကျေးရွာ အနီးတစ်ဝိုက်တွင် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန်အတွက် PDF အမည်ခံ အကြမ်းဖက်သမားများ ရောက်ရှိစုဖွဲ့နေကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ နယ်မြေခံတပ်ရင်းမှ လက်နက်ကြီးဖြင့်ပစ်ခတ်ချေမှုန်းခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရကြောင်း၊ ထိုသို့ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးခဲ့ရသည့်အတွက် ည ၆ နာရီခွဲအချိန်ခန့်တွင် အဆိုပါနယ်မြေခံတပ်ရင်းအား အကြမ်းဖက်သမားများမှ လက်လုပ်စိန်ပြောင်းများ၊ ဒရုန်းများဖြင့် လာရောက်တိုက်ခိုက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပြန်လည်တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရပါသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ တိုက်ခိုက်မှုကြောင့် အကြမ်းဖက်သမားများ သေဆုံးခဲ့ရမှုအား ပြည်သူများထိခိုက်သေဆုံးခဲ့သည်ဟု သတင်းတု၊ သတင်းအမှားများကို အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိလုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများမှတစ်ဆင့် လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ်ဗိုလ်လောင်း သင်တန်း**ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ(၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ(သို့မဟုတ်) ဝိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ (၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာ တက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၁)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ**(မူရင်း)**နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ သြဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ သြဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တပ်မတော်ဆေးတက္ကသိုလ် အမျိုးသမီးဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့တွင် အသက်(၁၇)နှစ်အောက်မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန်ပေါင် (၁၀၀)ထက်မနည်းရ၊ ပေါင်(၁၃၀) ထက်မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူများမဖြစ်စေရ။

(င) **၂၀၂၄ ခုနှစ်**တွင် ကျင်းပပြုလုပ်ခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲတွင် **သိပ္ပံဘာသာတွဲ**ဖြင့် ဖြေဆို အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် **၂၀၂၄ ခုနှစ်၊ ဇွန်လ(၁၇)ရက်နေ့**မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(**မူရင်း**)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့**နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော **တိုင်းစစ်ဌာနချုပ်များ**သို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း **ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ**ကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင် စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၃၀)ရက်နေ့**တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရမည့် **နေရာနှင့်အချိန်**ကို သတင်းစာမှကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များ တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE


Central Hotel
YANGON
ကျန်းမာရေးစံနှုန်းသတ်မှတ်ချက်များနှင့်အညီ
ပြီးပြည့်စုံသော ဝန်ဆောင်မှု . . .
အမှတ် (၃၃၃~၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - (၉၅-၁) ၈၂၄၁၀၀၁ ~ ၈၂၄၁၀၀၇


အရည်အသွေးမြင့်စားသောက်ကုန်များအပါအဝင်ထုတ်ကုန်ပစ္စည်းအမျိုးမျိုးကို ပိတ်ရက်မရှိလက်လီလက်ကားဝယ်ယူရရှိနိုင်ပါသည်။
KHA YAE PIN MART
မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom
၉-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART nine mile Showroom
PYIN OO LWIN
NAN MYAING
Lemon Tea
RHINO
PORTLAND CEMENT
TRISTAR
SODA


ကုန်ဆုံးသွားသော စွမ်းအားများ
DAGON Malta Fresh
နဲ့ ဖြည့်စွမ်းထား . . .
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DAGON
MALTA FRESH

❖ ပညာသည် ဖွံ့ဖြိုးတိုးတက်မှု၏ အရင်းခံဖြစ်သည့်အတွက် ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စစ်မှန်စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့်ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာရေးကဏ္ဍကို မြှင့်တင်ကြိုးပမ်းဆောင်ရွက်ရေးသည်အရေးကြီး. . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင်ပြုလုပ်သော (၂၃) ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကိုအားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိ



ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့်စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

**နေပြည်တော် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် ငွေကျပ် ၁၆ ဒသမ ၈ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ဒသမ ၂ သန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင်လ ၁၄ ရက် နံနက် ၆ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ဝက်ဝံကျေးရွာအနီးတွင် နောင်ချိုမှ မန္တလေးသို့ မင်းဇော်မောင်းနှင်ပြီး မင်းကိုလိုက်ပါသည့် ၂၂ ဘီးတွဲယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃ ဒသမ ၉၅ သန်း သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယင်းနေ့နံနက် ၁၀ နာရီခွဲတွင် ပြင်ဦးလွင်မြို့၊

စာမျက်နှာ ၂၅ ကော်လံ ၁ ⏭

# Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ

## ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များ ယှဉ်ပြိုင်ကစား

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ MFF Futsal Stadium ၌ ယှဉ်ပြိုင်ကစားခဲ့ကြကြောင်း သိရသည်။

Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်များအဖြစ် ယနေ့မွန်းလွဲ ၁ နာရီခွဲတွင်

စာမျက်နှာ ၂၅ ကော်လံ ၁ ❍



## ဆောင်းပါး

### အာဇာနည်စိတ်ဓာတ်နှင့် ယနေ့လူငယ်များ၏တာဝန်

စာ - ၁၃ သို့

### ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိများအား သတင်းထုတ်ပြန်ခြင်း

စာ - ၁၁ သို့

## လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဇူလိုင် ၁၆**

ယနေ့မြန်မာစံတော်ချိန်မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့တွင် ၁၈-၇-၂၀၂၄ ရက်နေ့၌ လေဖိအားနည်းရပ်ဝန်း(Low Pressure Area) တစ်ခုဖြစ်ပေါ်နိုင်သည်ဟုခန့်မှန်းရပါသည်။ **(မိုး/ဇလ)**

